ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ဒုတိယဝါဆိုလပြည့်ကျော် ၁၁ရက်၊ ဗုဒ္ဓဟူးနေ့၊ (11-8-2004) (၄၃၂၂)

ကာလေန ဓမ္မဿဝနံ တေံ မင်္ဂလ မုတ္တမံ။ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်တို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယနေ့ညနေ ၅ နာရီ မိနစ် ၄၀ တွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်၊

စာမျက်နှာ ၂ ကော်လံ ၃ သို့ ✪

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ ချစ်ကြည်ရေးခရီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ခစ်ကိုင်းတိုင်း ခမ်းပတ် ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များ စတင်ထုတ်လွှင့်

ရန်ကုန် ဩဂုတ် ၁၀

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ စစ်ကိုင်းတိုင်း ခမ်းပတ်၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် ဩဂုတ် ၅ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနှုန်း ၆ ဖြင့် ဩဂုတ် ၇ ရက် နံနက်ပိုင်းမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၁-၈-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နိုင်ငံ့စီးပွား လျင်မြန်စွာတိုးတက်ရေး ကြိုးပမ်း သီးနှံများ ဖူလုံပိုလျှံစွာ ထုတ်လုပ်တင်ပို့ရေးဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေး ကြိုးပမ်းတည်ဆောက်ရာတွင် အမျိုးသားစီးပွားရေးကဏ္ဍ တောင့်တင်းခိုင်မာရန် အထူးလိုအပ်သည်။

နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းခိုင်မာပြီး ပြည်သူများ စားဝတ်နေရေး ဖူလုံပြည့်စုံလျက် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် ပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်က ထာဝရဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာရေးတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ သမဝါယမနှင့် တိုင်းရင်းသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ကြိုးပမ်းလျက်ရှိကြသည်။ နိုင်ငံတော်က တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ စွမ်းအားပြည့်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အားပေးကူညီလျက်ရှိသည်။

ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၉ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းတက်ရောက်၍အမှာစကားပြောကြားခဲ့သည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းက တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအား အမှာစကားပြောကြားရာ၌ **နိုင်ငံတော်၏ စီးပွားရေး တောင့်တင်းခိုင်မာစေရေးတွင် စိုက်ပျိုးရေးကဏ္ဍ လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လျက် ပြည်ပဝင်ငွေရှာဖွေရေးသည် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များက နိုင်ငံတော်၏ မြေတောင်မြှောက်အားပေးကူညီမှုများကြောင့်သာယခုအခြေအနေသို့ ရောက်ရှိဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်ကို သိမြင်သဘောပေါက်ပြီး နိုင်ငံတော်၏ ကျေးဇူးတရား၊ ပြည်သူများ၏ ကျေးဇူးတရားတို့ကို တုံ့ပြန်ပေးဆပ်သည့်အနေဖြင့် မိမိတို့လည်း အကျိုးရှိစေရအောင်၊ နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း အကျိုးဖြစ်ထွန်းစေရအောင် စေတနာရှေ့ထားလျက် ကြိုးပမ်းဆောင်ရွက်သွားကြရန်** မှာကြားသွားသည်။

နိုင်ငံတော်အစိုးရက ရေမြေသဘာဝနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းသည့်အပြင် ပြည်ပဈေးကွက်ရှိသော အဓိက သီးနှံ ၁၀ မျိုး စိုက်ပျိုးနိုင်ရေး အလေးထားအားပေးလျက်ရှိသည်။ ထို့အပြင် ဝင်ငွေကောင်းသည့် ကော်ဖီ၊ လက်ဖက်နှင့်ငရုတ်ကောင်းသီးနှံများ စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေးအတွက်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ထို့မှုမက ပြည်ပဈေးကွက်ရှိသည့် ချည်မျှင်ရှည်ဝါနှင့် ပြည်ပဈေးကွက်ကောင်းမွန်ပြီး ပြည်တွင်းစားသုံးမှု ဖူလုံစေမည့် နှစ်ရှည်သီးနှံများဖြစ်သော ဆီအုန်း၊ ရော်ဘာနှင့် သစ်ဆိမ့်သီးနှံများ စိုက်ပျိုးရေးတို့ကိုလည်း အားပေးလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးသည် အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအပေါ်တွင် တည်မှီနေသည့်အလျောက် စိုက်ပျိုးရာသီချိန်အတွင်း လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရန် အားသွန်ခွန်စိုက် လုပ်ကိုင်ကြရမည်ဖြစ်သည်။ ဈေးကွက်ဝင် ပြည်ပပို့ကုန်သီးနှံများကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်ပပို့ကုန်သီးနှံများတင်ပို့မှုမြင့်မားလာမည်ဖြစ်သည်။

ပြည်ပပို့ကုန်သီးနှံများတွင် ဆန်စပါးနှင့် ပဲမျိုးစုံ သီးနှံကုန်စည်နှစ်မျိုးကိုသာမက အခြားသီးနှံ သစ်သီးဝလံနှင့် သစ်ခွအပါအဝင်ပန်းမန်များ၊ ဟင်းသီးဟင်းရွက်များ ပို့ကုန်ပစ္စည်းအမယ်ပေါင်းများစွာတိုးချဲ့တင်ပို့နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ အထူးသဖြင့်ပြည်တွင်းစားသုံးရန်လိုအပ်သည့် အဓိကသီးနှံများနှင့် ဈေးကွက်ဝင် ပို့ကုန်သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာနိုင်ငံတော်၏ စီးပွားရေးလျင်မြန်စွာတိုးတက်လာရေးတွင် အခြေခံဖြစ်သည့် လယ်ယာကဏ္ဍမှ ဆန်စပါးနှင့် ပဲမျိုးစုံအပါအဝင် ပြည်ပဈေးကွက်ကောင်းမွန်သော သီးနှံများ၊ ပို့ကုန်အမယ်သစ်များ ဈေးကွက်တိုးချဲ့ရှာဖွေ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများနှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများ ညီညီညွတ်ညွတ် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

✪ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးတို့မှ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ ချစ်ကြည်ရေးခရီးပြန်လည်ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။
(အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန် အမျိုးသားရေးမူဝါဒ ဟောပြောပို့ချ

ရန်ကုန် ဩဂုတ် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ဖွင့်လှစ်သော အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အခြေခံစည်းရုံးရေးသင်တန်း (၁/၂၀၀၄)တွင် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် မွန်မြတ်မှန်ကန်ပုံ၊ လက်တွေ့အောင်မြင်မှုများ ရရှိနေပုံများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဟောပြောပို့ချသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ နွန်ဒွတ်မင်းတို့ ဩဂုတ် ၉ ရက်က ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဌာနချုပ်ရှိ ဧည့်ခန်းဆောင်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာ၌ ဗီယက်နမ်အပါအဝင် အာဆီယံနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် နားလည်ထောက်ခံအားပေးမှုကို တန်ဖိုးထားကျေးဇူးတင်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေး မူဝါဒလမ်းစဉ်များ အောင်မြင်မည်ဟုယုံကြည် မြန်မာနိုင်ငံ၏ကံကြမ္မာကို မြန်မာနိုင်ငံကသာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိ

ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်း

ရန်ကုန် ဩဂုတ် ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းအား ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဌာနချုပ်ရှိ ဧည့်ခန်းဆောင်သို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းနှင့်အတူ အထွေထွေအတွင်းရေးမှူး၏ လက်ထောက် မစ္စတာဟိုတန်နိ၊ ဗီယက်နမ်ကွန်မြူနစ်ပါတီ ပြည်ပဆက်ဆံရေးဘုတ်အဖွဲ့အကြီးအကဲ မစ္စတာငုယင်ဗန်ဆွမ်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဖန်ကွန်ခွန်နှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ကောင်းဆွေကောင်း ဆက်ဆံမှုများကို ဆက်လက်တိုးမြှင့်သွားမည်ဖြစ်သကဲ့သို့ နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်များတွင်လည်း နီးနီးကပ်ကပ် ဆက်လက်၍ ပူးပေါင်းဆောင်ရွက် သွားမည်။

တန်ဖိုးထား

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်သည့် ရည်ရွယ်ချက်မှာ ကာလရှည်ကြာစွာ တည်ရှိပြီးဖြစ်သော နှစ်နိုင်ငံအကြားရင်းနှီးချစ်ကြည်မှု အစဉ်အလာကောင်းများကို ဆက်လက်သယ်ပိုးမြှင့်တင်သွားရန်ဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းအရလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများစွာ အတူယှဉ်တွဲနေထိုင်မှုများအရ လည်းကောင်း မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် တူညီမှုများစွာရှိကြ၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံအပြန်အလှန် နားလည်စာနာမှုရှိကြပါကြောင်း၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာ၌ ဗီယက်နမ်နိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် နားလည်ထောက်ခံအားပေးခဲ့ကြသည်ကို မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက တန်ဖိုးထားကျေးဇူးတင်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

မိတ်ကောင်းဆွေကောင်း

ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး မူဝါဒလမ်းစဉ်များ အောင်မြင်မည်ဟု မိမိတို့ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကံကြမ္မာကို မြန်မာနိုင်ငံကသာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ကောင်းဆွေကောင်းဆက်ဆံမှုများကို ဆက်လက် တိုးမြှင့်သွားမည်ဖြစ်သကဲ့သို့ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်များတွင်လည်း နီးနီးကပ်ကပ်ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းနှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းတို့ ဩဂုတ် ၉ ရက်က ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဌာနချုပ်ရှိ ဧည့်ခန်းဆောင်၌ ရင်းနှီးခင်မင်စွာနှုတ်ဆက်ကြစဉ်။(သတင်းစဉ်)

နိုင်ငံတကာ သတင်းများ

အီရတ်မှ အီတလီတပ်ဖွဲ့ဝင်များ မရုပ်သိမ်းလျှင် တိုက်ခိုက်မည်ဟု သတိပေး

ဒူဘိုင်း ဩဂုတ် ၉

လွန်ခဲ့သည့် သီတင်းပတ်က နောက်ဆုံးရက်အဖြစ် သတ်မှတ်ပေးခဲ့သည့် ဩဂုတ် ၁၅ ရက်နေ့ မတိုင်မီ အီရတ်နိုင်ငံမှ အီတလီတပ်ဖွဲ့ဝင်များကို မရုပ်သိမ်းလျှင် အီတလီနိုင်ငံအတွင်းရှိ တိုက်ခိုက်ရေးအုပ်စုများသည် အီတလီနိုင်ငံကို တိုက်ခိုက်ရန် အသင့်အနေအထားတွင် ရှိနေကြောင်း အယ်လ်ခိုင်ဒါအုပ်စုနှင့် အဆက်အသွယ်ရှိသည်ဆိုသော ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စုက ပြောကြားသည်။

အီရတ်နိုင်ငံမှ အီတလီတပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် မိမိတို့၏ ကမ်းလှမ်းမှုသည် အဆုံးသတ်လုနီးနေပြီဖြစ်ကြောင်း၊ ရောမမြို့နှင့် အီတလီနိုင်ငံမြို့ကြီးများမှ မိမိတို့အုပ်စုများသည် ယခုလ ၁၅ ရက် နောက်ပိုင်းတွင် အီတလီနိုင်ငံကို တိုက်ခိုက်ရန် အသင့်ရှိကြောင်း အယ်လ်ခိုင်ဒါအုပ်စုတစ်စုဖြစ်သည့် အယ်လ်မာဆရီတပ်ဖွဲ့က လက်မှတ်ရေးထိုးထားသည့် ကြေညာချက်တွင် ဖော်ပြထားသည်။

မိမိတို့သတ်မှတ်ထားသည့် နောက်ဆုံးရက် ကျော်လွန်ပြီးနောက်တွင် နေရာတိုင်းသည် ပစ်မှတ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း လန်ဒန်အခြေစိုက် သတင်းစာတစ်စောင်သို့ လွန်ခဲ့သည့် သီတင်းပတ်အကုန်ပိုင်းက ပေးခဲ့သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါကြေညာချက်တွင် အီတလီတပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံမှ ၁၅ ရက်အတွင်း ရုပ်သိမ်းရန်နှင့် သို့မဟုတ်ပါက တိုက်ခိုက်မှုများနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း သတိပေးထားသည်။

အယ်လ်ခိုင်ဒါအုပ်စုနှင့် အဆက်အသွယ်ရှိသည့် အခြားအုပ်စုတစ်စုကလည်း အီရတ်နိုင်ငံမှ ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို မရုပ်သိမ်းလျှင် တိုက်ခိုက်ခံရမည်ဖြစ်ကြောင်း ဒိန်းမတ်နှင့် အယ်လ်ဆာဗေဒိုနိုင်ငံတို့ကို ခြိမ်းခြောက်ထားသည်။

ဒိန်းမတ်နိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့ဝင် ၅၀၀ ခန့်ကို စေလွှတ်ထားသည်။ အယ်လ်ဆာဗေဒိုနိုင်ငံကလည်း ၎င်း၏တပ်ဖွဲ့ဝင်များကို အစားထိုးရေးအတွက် တပ်ဖွဲ့ဝင် ၃၈၀ ကို ယခုလအတွင်း စေလွှတ်မည်ဖြစ်သည်။

အင်တာနက်။



ဩဂုတ် ၅ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာ၌ ထိခိုက်ဒဏ်ရာရသူများအား လူနာတင်ကားပေါ်သို့ တင်ဆောင်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြို့လယ်ကို စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်

ဘဂ္ဂဒက် ဩဂုတ် ၉

ပြောက်ကျားများက အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ပိုင်းအား စိန်ပြောင်းနှင့် ဒုံးကျည် ၁၀စင်းဖြင့် စနေနေ့ နှောင်းပိုင်းက ပစ်ခတ်ရာ အီရတ်ကြားဖြတ်အစိုးရအဖွဲ့နှင့် အမေရိကန်သံရုံးတို့ အခြေစိုက်သည့် အစိမ်းရောင်ဒေသ ခြံဝင်းအနီးသို့ ယင်းကျည်အချို့ ကျရောက်ကြောင်း ရိုက်တာသတင်းဌာနမှ မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ရည်ရွယ်

ဘဂ္ဂဒက်မြို့တော်သည် ယင်းပေါက်ကွဲမှုအရှိန်ကြောင့် တုန်ခါသွားပြီးနောက် ဖော်ပြပါ အစိမ်းရောင်ဒေသမှ ဥသြဆွဲသံများ ပေါ်ပေါက်ခဲ့သည်။ ဝန်ကြီးချုပ်အာလာဝီအစိုးရအား တည်ငြိမ်မှု မရှိစေရန် ရည်ရွယ်ကာ တိုက်ခိုက်သည့် နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

ပေါ်ပေါက်

ယင်းပေါက်ကွဲမှုကြောင့် လူသေဆုံးမှု ရှိ၊မရှိ ရှင်းရှင်းလင်းလင်း မသိရသေးပေ။ ဝန်ကြီးချုပ်အာလာဝီက အီရတ်နိုင်ငံသား တွန်းလှန်တိုက်ခိုက်ရေးသမားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ကြေညာချက် ထုတ်ပြန်ခဲ့သည့်နောက် နာရီအနည်းငယ်အကြာတွင် ယင်းတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌ သေဆုံး

ဘော်စတွန် ဩဂုတ် ၉

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ တပ်ကြပ်ကြီး အီလီယာပီဖွန်တက်စီယိုသည် နေအိမ်သို့ ပြန်လာရန် ရက်သတ္တနှစ်ပတ်မျှ လိုတော့သည့် အချိန်တွင် အီရတ်၌ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရကြောင်း အမေရိကန်နယူးစ်စင်တာ-၅ ရုပ်မြင်သံကြားဌာနက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

တပ်ကြပ်ကြီး ဖွန်တက်စီယိုသည် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် တွမ်တီနိုင်းဗမ်းမြို့ရှိ မရိန်းတပ်ဖွဲ့မှဖြစ်ပြီး အနားယူရန် နေအိမ်ပြန်တော့မည့်ကာလ စေ့ရောက်ခါနီးတွင် အီရတ်၌ သေဆုံးခြင်းဖြစ်သည်။

အင်တာနက်။

အမေရိကန်ရဟတ်ယာဉ် အီရတ်၌ အရေးပေါ်ဆင်းသက်ရ

ဘဂ္ဂဒက် ဩဂုတ် ၉

အမေရိကန်ကြည်းတပ်မှ အိုအိပ်ချ်-၅၈ ရဟတ်ယာဉ်တစ်စင်းသည် ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် တနင်္ဂနွေနေ့က အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ယင်းသို့ဆင်းသက်ရာတွင် ထိခိုက်မှုသတင်းမရရှိပေ။ အဆိုပါရဟတ်ယာဉ်မှာ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသ၏ မြောက်ဘက်တွင် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်ဗိုလ်မှူးဖိလစ်စပစ်က ပြောကြားသည်။ ရဟတ်ယာဉ်မှာ ပစ်ချခံရခြင်း ဟုတ်-မဟုတ် မသိရှိရပေ။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် နေရာယူပြင်ဆင်နေသည့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားတစ်ဦးကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရန်သံတမန်တစ်ဦးအား အီရတ်ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စုက ပြန်ပေးဆွဲထား

ဘဂ္ဂဒက် ဩဂုတ် ၉

အီရတ်နိုင်ငံမှ ခုခံတိုက်ခိုက်ရေးသမားများသည် အီရန်သံတမန်တစ်ဦးကို ပြန်ပေးဆွဲထားပြီး ၎င်းသည် အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများဖြစ်ရန် လှုံ့ဆော်နေသည်ဟု စွပ်စွဲလိုက်သည်။

လွန်ခဲ့သည့်လက ပါကစ္စတန် ဓားစာခံ နှစ်ဦးကို သတ်ပစ်ခဲ့သည်ဆိုသည့် အီရတ်အစ္စလမ္မစ်တော်လှန်ရေးဟု အမည်ပေးထားသည့် အုပ်စုတစ်စုထံမှ တနင်္ဂနွေနေ့က ရရှိသည့် ဗီဒီယိုတိပ်ခွေတွင် အဆိုပါအုပ်စု၏ အမည်ရေးထိုးထားသည့် အဝတ်နက်ရှေ့တွင် ရုပ်အင်္ကျီအဖြူ ဝတ်ဆင်ထားပြီး မုတ်ဆိတ်မွေးနှင့် လူတစ်ဦးကို တွေ့ရှိရသည်။

ဓားစာခံဖြစ်သူမှာ အီရတ်နိုင်ငံ ကာဘာလာမြို့ရှိ အီရန်သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ် ဂျဟာနီဆိုသူ ဖြစ်ကြောင်း ဖော်ပြထားသည့် နိုင်ငံကူးလက်မှတ်နှင့် စီးပွားရေးလုပ်ငန်းရှင်ကတ်ပြားတစ်ခုတို့ကိုလည်း ပြသထားသည်။

ဘဂ္ဂဒက်မြို့မှနေ၍ ကာဘာလာမြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးတွင် ရာထူးအသစ်ထမ်းဆောင်ရန် သွားရောက်စဉ် ဂျဟာနီမှာ ဗုဒ္ဓဟူးနေ့က ပျောက်ဆုံးနေကြောင်း ဘဂ္ဂဒက်မြို့ရှိ အီရန်သံရုံးက ပြောကြားသည်။

မိမိတို့သည် ကာဘာလာမြို့ရှိ အီရန်ကောင်စစ်ဝန်ကို ပြန်ပေးဆွဲခဲ့ကြောင်း၊ အကြောင်းမှာ ၎င်းသည် အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများ ဖြစ်ပွားရန် လှုံ့ဆော်နေပြီး သံတမန်နယ်ပယ်၏ ပြင်ပမှ လှုပ်ရှားနေသောကြောင့် ဖြစ်ကြောင်း အဆိုပါ အုပ်စုက ထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်ဟု ဒူဘိုင်းအခြေစိုက် ဆက်သွယ်ရေးဂြိုဟ်တုမှ တစ်ဆင့် ထုတ်လွှင့်သည်။

အီရတ်အရေးကိစ္စများတွင် ကြားဝင်စွက်ဖက်မှုမပြုရန်လည်း အဆိုပါအုပ်စုက အီရန်နိုင်ငံကို သတိပေးလိုက်သည်။

ယင်းအုပ်စုသည် စောစောပိုင်းကလည်း ဖိလစ်ပိုင်နိုင်ငံသား တစ်ဦးကို ပြန်ပေးဆွဲခဲ့ပြီး သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ သို့ရာတွင် ဖိလစ်ပိုင်နိုင်ငံက တပ်ဖွဲ့ဝင်များကို အီရတ်မှ ရုပ်သိမ်းခဲ့သည့်အတွက် ၎င်းအား ပြန်လွှတ်ပေးခဲ့သည်။

အဆိုပါ အုပ်စုသည် ဇူလိုင်လက ပါကစ္စတန်နှစ်ဦးနှင့် အီရတ်တစ်ဦးတို့ကို ပြန်ပေးဆွဲခဲ့ပြီး ၎င်းတို့လုပ်ကိုင်သည့် ကုမ္ပဏီကို အီရတ်မှ မရုပ်သိမ်းလျှင် ၎င်းတို့အား သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ပါကစ္စတန်နှစ်ဦးကို နောက်ပိုင်း၌ သတ်ပစ်ခဲ့သော်လည်း အီရတ်တစ်ဦးကိုမူ ပြန်လည်လွှတ်ပေးခဲ့သည်။

အင်တာနက်။

အီရတ်၌ ဒိန်းမတ်တပ်ဖွဲ့ဝင်များနှင့် ခုခံရေးသမားများ တိုက်ပွဲဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၉

အီရတ်နိုင်ငံတောင်ပိုင်းတွင် ဒိန်းမတ်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ တနင်္ဂနွေနေ့က တိုက်ပွဲဖြစ်ပွားရာ ခုခံတိုက်ခိုက်ရေးသမားနှစ်ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ပွဲဖြစ်ပွား

ဘဂ္ဂဒက်မြို့ အရှေ့တောင်ဘက် ၂၃၅ မိုင်ခန့်အကွာ ကာနာဒေသတွင် စနေနေ့နှောင်းပိုင်းက ဒိန်းမတ်တပ်ဖွဲ့ဝင်များ ကင်းလှည့်လာစဉ် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ လက်နက်ကိုင်သမားများက တိုက်ခိုက်ရာမှ တိုက်ပွဲဖြစ်ပွားခြင်းဖြစ်ကြောင်း အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့ ရဲတပ်ဖွဲ့မှ ဗိုလ်မှူးကြီး ကာရမ်ဆက်ခန်က ပြောကြားသည်။

အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၁၆၀၀၀၀ ပါဝင်သော အပေါင်းပါတပ်ဖွဲ့တွင် ဒိန်းမတ်တပ်ဖွဲ့ဝင် ၄၉၆ ဦး ပါဝင်သည်။

အယ်လ်ဆာဒါ၏ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများသည် ဘဂ္ဂဒက်မြို့ အရှေ့တောင်ဘက် မိုင် ၁၁၀ အကွာရှိ အမ်မာရာမြို့တွင်လည်း အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် အရုဏ်တက်ချိန်အထိ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ဟိုင်ဒါနီရီက ပြောကြားသည်။ ယင်းတိုက်ပွဲတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း ၎င်းက ပြောကြားသည်။

သေဆုံး

အဆိုပါ တိုက်ပွဲ၌ပင် တိုက်ခိုက်ရေးသမားနှစ်ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း အမ်မာရာမြို့ရှိ အယ်လ်ဆာဒါ၏ တပ်ဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သည့် အယ်လ်-ရာစီမီက ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုများတွင် လူလေးဦး သေဆုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိုအတောအတွင်း ဘဂ္ဂဒက်မြို့ မြောက်ဘက် ဘာကူဘာမြို့တွင် တနင်္ဂနွေနေ့က လမ်းဘေးထောင်ထားသည့် ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်။

အင်တာနက်။

အဘူဂါရိပ် အကျဉ်းစခန်း နှိပ်စက်ညှဉ်းပန်းမှုများ အကျဉ်းစခန်းတာဝန်ခံမသိအောင် ဖုံးဖိထားဟုဆို

လန်ဒန် ဩဂုတ် ၈

အီရတ်နိုင်ငံရှိ အဘူဂါရိပ်အကျဉ်းစခန်းကို ဦးစီးခဲ့ရသူ အမေရိကန် ဗိုလ်မှူးချုပ်မှာ မိန်းမသားတစ်ဦးဖြစ်သည်။ အကျဉ်းသားများကို မဖွယ်မရာပြုသည်ဟု နာမည်ဆိုးနှင့်ကျော်ကြားသော အကျဉ်းစခန်းရှိ ညှဉ်းပန်းမှုများအား သူမ မမြင်မတွေ့စေရန် ဖုံးကွယ်ထားကြသည်ဟု ထိုဗိုလ်မှူးချုပ်က ဆိုသည်။ တစ်ဖက်မှလည်း ထိုအဖြစ်အပျက်များသည် အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်အထိလည်းကောင်း၊ အိမ်ဖြူအထိလည်းကောင်း သတင်းများရောက်ရှိသွားကြကြောင်း သူမက ပြောကြားသည်။

အကျဉ်းစခန်းတာဝန်ခံ ဗိုလ်မှူးချုပ်က အထက်ပါစကားများ ပြောကြားသည့်နေ့၌ပင် ထိုအကျဉ်းစခန်းမှ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသည် ထောင်သားများအပေါ် မတော်မတရားပြုမှုမှုဖြင့် စစ်ခုံရုံးတင်ခံနေရပြီဖြစ်၏။ အကျဉ်းစခန်း တာဝန်ခံဟောင်း ဗိုလ်မှူးချုပ် ဂျာနစ်ကာပင်စကီးက အကျဉ်းသားများကို ညှဉ်းပန်းမှုနှင့် လူမဆန်စွာပြုမူမှုများကို သူမသိစေရန် တမင်တကာ ဖုံးကွယ်ထားခဲ့ကြခြင်းဖြစ်ကြောင်း ပြောပြသည်။

ဖန်တီး

အီရတ်အကျဉ်းသားများကို စစ်ဆေးမေးမြန်းသည့်ကိစ္စများကို စည်းဝေးဆွေးနွေးရာ၌ တာဝန်ခံ ဗိုလ်မှူးချုပ် ပါဝင်တက်ရောက်ခြင်း မရှိစေရန်လည်းကောင်း၊ စစ်ဆေးမေးမြန်းရာနေရာများသို့ သူမ သွားရောက်နိုင်ခြင်းမရှိစေရန်လည်းကောင်း၊ စစ်ဆေးမှုနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို မသိရှိစေရန်လည်းကောင်း သေချာကျနစွာ ဖန်တီးထားကြသည်။ ထိုအချက်ကို ပေါ်လွင်စေသော အစစ်ခံ ထွက်ဆိုချက်များလည်းရှိပြီးဖြစ်သည်ဟု ကာပင်စကီးက ဘီဘီစီ ရေဒီယိုနှင့် မေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

အီရတ်အကျဉ်းစခန်းတွင် အကျဉ်းသားများကို နှိပ်စက်ကလူပြုနေသော ဓာတ်ပုံများ ထွက်ပေါ်လာသော အခါ ထိုစခန်း၌ တာဝန်ရှိသူအဖြစ် အုပ်ချုပ်နေရသူ ကာပင်စကီးကို ရာထူးနေရာပြောင်းရွှေ့ထားလိုက်သည်။ သို့ရာတွင် သူမကို ပြစ်မှုတစ်စုံတစ်ရာဖြင့် တရားစွဲဆိုခြင်းမရှိပေ။

အဘူဂါရိပ်စခန်းတွင် ဖြစ်ပျက်နေသော အခြေအနေမှန်ကို သိသူများက ဖြစ်ရပ်များကို သူမ မသိစေရန် သိုသိပ်ထားကြသည်ဟု ကာပင်စကီးက ဆိုသည်။ ယခုကဲ့သို့ ဖုံးဖိထားကြခြင်းမှာ ယခုကိစ္စနောက်ကွယ်၌ ပင်တဂွန် အမေရိကန်စစ်ဌာနချုပ်နှင့် သမ္မတအိမ်ဖြူတို့ ပါဝင်ပတ်သက်နေသည့် သဘောမျိုးဖြစ်ပါသလားဟု ကာပင်စကီးကို မေးခဲ့သည်။

ထိုအခါ သူမက စာနှင့် ပေနှင့် ရေးသားထားသော အထောက်အထားမျိုးကို မတွေ့ရပါ။ သို့ရာတွင် အခြေအနေအရပ်ရပ်က ညွှန်ပြနေသည်မှာ ထိုသဘောမျိုးဆောင်သည်ဟု ဆိုရမလိုဖြစ်နေကြောင်း ပြန်ကြားသွားသည်။

ဒေါသထွက်

ခေါင်းစွပ်များစွပ်ထားသော အဘူဂါရိပ်ရှိ အီရတ်အကျဉ်းသားများအပေါ် အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်မှုများပေါ်လာသကဲ့သို့ ဗြိတိန်တပ်ဖွဲ့ဝင်များနှင့် အခြားတပ်ဖွဲ့ဝင်များ၏ ညှဉ်းဆဲမှုဓာတ်ပုံများကလည်း လူသိရှင်ကြား ထွက်ပေါ်လာခဲ့သည်။ ထိုဖြစ်ရပ်များကြောင့် အာရပ်ကမ္ဘာနှင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက အပေါင်းပါ တပ်ဖွဲ့များအပေါ် အမျက်ဒေါသထွက်ကာ မကျေမနပ်ဖြစ်ခဲ့ကြသည်။ အဆိုပါအခြေအနေကြောင့် အမေရိကန်သမ္မတဂျော့ဂျ်၊ ဘုရှ်၏ အီရတ်နိုင်ငံ တည်ငြိမ်မှုရအောင် ကြိုးပမ်းမှုမှာ ထိခိုက်ခဲ့ရသည်ဟုဆိုသည်။

ဗြိတိန်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ် အကျဉ်းသားများအပေါ် နှိပ်စက်ညှဉ်းပန်းမှုများနှင့် ပတ်သက်၍ တရားရုံးတင် စစ်ဆေးခဲ့သည်။

ထွက်ဆို

ထိုစစ်ဆေးမှုတစ်ခုတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အကျဉ်းသားများကို ရိုက်နှက်ခြင်း၊ ကန်ကျောက်ခြင်းများ ပြုသည့်အပြင် အကျဉ်းသားများ၏ကိုယ်ပေါ်သို့ ရေခဲရေများ လောင်းချခြင်းဖြင့်လည်း နှိပ်စက်ကလူပြုခဲ့ကြောင်း အီရတ် မျက်မြင်တွေ့ရှိသူတစ်ဦးက ထွက်ဆိုခဲ့သည်။

အဘူဂါရိပ် အကျဉ်းသားများ ညှဉ်းပန်းမှုကိစ္စတွင် အမေရိကန် စစ်ရဲအမျိုးသမီး လင်ဒီအင်္ဂလန်သည် နာမည်ဆိုးဖြင့် ထင်ပေါ်လာသည်။

သူမသည် အသက်၂၁နှစ်ရှိ ပထမတန်း တပ်ဖွဲ့ဝင်တစ်ဦးဖြစ်၏။

သူမ၏အမှုကို ပြီးခဲ့သောအင်္ဂါနေ့က စတင် ကြားနာသည်။ ထိုသို့ကြားနာပြီး နောက်ပိုင်းတွင် အကျဉ်းသားများအပေါ် မတော်တရော် ညှဉ်းပန်းမှုနှင့် မဖွယ်မရာပြုမှုခဲ့ခြင်းများအတွက် သူမကို ရုံးတော်တွင် စွဲချက်တင်သင့်၊ မသင့် အဆုံးအဖြတ်ပေးမည်ဖြစ်၏။

အမေရိကန်စစ်ဘက် ထောက်လှမ်းရေးဦးစီးမှူးများသည် အကျဉ်းသားများကို စစ်ဆေးဆက်ဆံရာ၌ ခွေးများကို ဆက်ဆံသကဲ့သို့ ဆက်ဆံသင့်ကြောင်း ပြောဆိုကြသည်ကို မိမိကြားသိရကြောင်း အကျဉ်းစခန်း တာဝန်ခံ အမေရိကန် ဗိုလ်မှူးချုပ်ကာပင်စကီးက ဖြေကြားသွားကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။



တိုက်ခိုက်ရေးသမားများ

ဩဂုတ် ၅ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် အင်အားပြနေသည့် ရိုးယိုက်တိုက်ခိုက်ရေးသမားများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အမေရိကန်၏လုံခြုံရေးကို ပါကစ္စတန်ထံ လက်လွှဲပေးအပ်ခဲ့ ဘုရှ်အစိုးရကို သမ္မတဟောင်းကလင်တန် ဝေဖန်ပြောကြား

ဗန်ကူးဗား ဩဂုတ် ၉

သမ္မတဘုရှ်အစိုးရသည် အမေရိကန်ပြည်ထောင်စုအတွက် အဓိကအန္တရာယ်ဖြစ်နေသည့် အိုစမာဘင်လာဒင်ရှာပုံတော်ဖွင့်ရာတွင် ပါကစ္စတန်နိုင်ငံက စိတ်ကြိုက်ခြယ်လှယ်နိုင်ရန် အမေရိကန်ပြည်ထောင်စု လုံခြုံရေးအတွက် လက်လွှဲတာဝန်ပေးခဲ့ကြောင်း သမ္မတဟောင်း ကလင်တန်ကဝေဖန်ပြောကြားလိုက်ပြီး အီရတ်နိုင်ငံအား တိုက်ခိုက်မှုပြုလုပ်ရန် စစ်ဘက်ဆိုင်ရာ အရင်းအမြစ်များကို အသုံးချနေကြောင်းကိုလည်းပြောကြားလိုက်သည်။

– တုံ့ပြန် –

ခြိမ်းခြောက်မှု အန္တရာယ်သည် အီရတ်မှလည်းမဟုတ်၊ ဆက်ဒမ်ဟူစိန်၊ ဘင်လာဒင်နှင့်၎င်း တို့၏အကြမ်းဖက်ကွန်ရက်မှလည်း မဟုတ်ကြောင်း အမေရိကန် အထင်ကရမြို့ကြီးများတွင် အကြမ်းဖက်တိုက်ခိုက်မှုအတွက် မကြာမီက သတိပေးထားမှုအပေါ် တုံ့ပြန်၍ ကလင်တန်က ပြောကြားခြင်းဖြစ်သည်။

– အာရုံပြောင်းရန်ကြိုးပမ်း –

အီရတ်နိုင်ငံတွင် လူအစုလိုက်အပြုံလိုက်သေစေသည့် အဖျက်လက်နက်မရှိကြောင်း ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးချုပ် ဟန်းစ်ဘလစ်ဇ် ပြောကြားသည့်စကားအတိုင်း မိမိပြောကြားလိုကြောင်း သမ္မတဘုရှ်အစိုးရက အီရတ်စစ်ပွဲ ဆင်နွှဲမှုအပေါ် ဝေဖန်ပြောကြားပြီး နံပါတ်(၁) ခြိမ်းခြောက်မှု အန္တရာယ်ဖြစ်သည့် အယ်လ်ခိုင်ဒါနှင့် အိုစမာဘင်လာဒင်တို့မှ အာရုံပြောင်းရန် ကြိုးပမ်းနေခြင်းသာဖြစ်ကြောင်း ပြောကြားသည်။

– မေးမြန်း –

အီရတ်နိုင်ငံတွင် တာဝန်ယူထားမှုအားလုံးနှင့် အာဖဂန်နစ္စတန်နိုင်ငံရှိ ပါကစ္စတန်နိုင်ငံသားများအား လုံခြုံရေးနှင့်ပတ်သက်၍ လက်လွှဲတာဝန်ပေးထားမှုသည် လက်တွေ့အားဖြင့် သင့်တော်မှု ရှိ၊ မရှိ ကလင်တန်က မေးမြန်းလိုက်သည်။

အမ်အင်အေ၊ပီတီအိုင်။

အာဆီယံလေ့လာရေးဌာန ဖွင့်လှစ်ရန် တိုက်တွန်း

ကွာလာလမ်ပူ ဩဂုတ် ၈

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ ထူးခြားမှုကို ပိုမိုနားလည်သဘောပေါက်စေရန် အာဆီယံအဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာနိုင်ငံတွင် အာဆီယံ လေ့လာရေးဌာန ဖွင့်လှစ်ရန် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာယက်ဟာမစ်က အာဆီယံအဖွဲ့ဝင်နိုင်ငံများအား စနေနေ့က တိုက်တွန်းလိုက်သည်။ အာဆီယံလေ့လာရေးနှင့် သုတေသန ပြုရေးအားပေးသည့် ထိုဌာနမျိုးတစ်ခု မလေးရှား တက္ကသိုလ်တစ်ခုတွင် အကောင်အထည် ပေါ်လာလုနီးပြီဖြစ်ကြောင်း အာဆီယံရေးရာ အမျိုးသားနီးနှောဖလှယ်ပွဲ၏ သတင်းစာရှင်းလင်းပွဲတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာယက်ဟာမစ်က ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩဂုတ် ၆ ရက်က ဘာဆာရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနှင့်တောင်အာရှမှ အလုပ်သမားများအား အီရတ်၌ တိုက်ခိုက်မခံရစေရန် အာမခံချက်မပေးနိုင်ကြောင်း အမေရိကန်ပြောကြား

ဝါရှင်တန် ဩဂုတ် ၉

အိန္ဒိယနှင့် တောင်အာရှဒေသမှ အလုပ်သမားများအား အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုခံရမည့်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် အမေရိကန်ပြည်ထောင်စုက အာမခံချက်မပေးနိုင်ကြောင်း ပြောကြားလိုက်သည်။

တိုက်ခိုက်မှုများရှိနေ

အီရတ်နိုင်ငံသို့ သွားရောက်သည့် အလုပ်သမားတိုင်းအား မိမိတို့ကာကွယ်ပေးရန် ကတိမပြုနိုင်ကြောင်း၊ ယင်းသို့ဖြစ်ရခြင်းသည် အခြေအနေကြောင့်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံသည် အန္တရာယ်ရှိသည့်နေရာ ဖြစ်ကြောင်း၊ အီရတ်တွင် အန္တရာယ်များရှိပြီး အပေါင်းပါတပ်ဖွဲ့ဝင်များအပြင် ပစ်မှတ်အသီးသီးအား တိုက်ခိုက်မှုများရှိနေကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်ဘောက်ချာက မကြာမီက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံရှိ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အခြားဒေသများမှ အလုပ်သမားများက ၎င်းတို့၏နိုင်ငံများသည် အမေရိကန်ဦးဆောင် အပေါင်းပါတပ်ဖွဲ့၏ အစိတ်အပိုင်းတစ်ရပ်မဟုတ်သော်လည်း ဖော်ပြပါကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းကြပြီးနောက် ရစ်ချတ်ဘောက်ချာက ဖော်ပြပါအတိုင်း တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။

အီရတ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသူများအတွက် ပိုမိုလုံခြုံမှုရှိသည့် ပတ်ဝန်းကျင် ဖန်တီးပေးရေးအတွက် မိမိတို့ ယေဘုယျအားဖြင့် အများအပြား လုပ်ကိုင်ပေးနိုင်ကြောင်း၊ သို့ရာတွင် အလုပ်သမားတိုင်းအတွက် အကာအကွယ်ပေးရန်ကိုမူ မိမိတို့ ကတိပေးနိုင်ခြင်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရာတွင် ပါဝင်နေသည့် အီရတ်နိုင်ငံသားများအပေါ် တိုးမြှင့်တိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း၊ အီရတ်နိုင်ငံသား တစ်ဦးချင်းစီအတွက်လည်း မိမိတို့ ကာကွယ်မှုမပေးနိုင်ကြောင်း ရစ်ချတ်ဘောက်ချာက ထပ်လောင်းပြောကြားသည်။

အီရတ်နိုင်ငံသားများအား လေ့ကျင့်သင်တန်းပေးပြီး ၎င်းတို့ဆန္ဒရှိသည့်အတိုင်း ၎င်းတို့၏ နိုင်ငံအား လုံခြုံရေးအကူအညီပေးခြင်းဖြင့်လည်းကောင်း၊ တိုက်ခိုက်ဖွယ်ရှိသည့် အုပ်စုများအား ဆန့်ကျင်တိုက်ခိုက်ခဲ့ရာတွင်လည်းကောင်း၊ အီရတ်နိုင်ငံအတွင်း တွန်းလှန်တိုက်ခိုက်သူများ စိမ့်ဝင်နေမှုကိုလည်းကောင်း စသည့်ကဏ္ဍများတွင် အီရတ်အစိုးရနှင့် ပူးတွဲလုပ်ကိုင်နေသော အီရတ်နိုင်ငံသားများအား ပိုမိုလုံခြုံသည့် ပတ်ဝန်းကျင်ကို ဖန်တီးဆောင်ကြဉ်းပေးနိုင်ခဲ့ကြောင်း ဘောက်ချာက ပြောကြားသွားသည်။

အမ်အင်အေ၊ပီတီအိုင်။

ဥက္ကာရည်ဥက္ကာသွေး ထက်မြက်လိုပါလျှင်

ရုပ်ကလေးလည်းချော၊ အသံလည်းကောင်း၊ အပြုံးကလည်း ဆွဲဆောင်မှုရှိသည်။ သို့ရာတွင် လည်ပင်းအလယ်တွင် မို့မို့ဖောင်းဖောင်းကလေး ဖြစ်နေသော သစ်သီးတန်းမှ ဈေးရောင်းသူမိန်းကလေးကို မြင်လိုက်ရ၍ စိတ်ပူသွားသည်။

သိုင်းရိုက်အကျိတ်ဆိုသည်မှာလည်ပင်းအရှေ့ လည်စေ့အောက်ပိုင်းလည်ချောင်းတစ်ဖက်တစ်ချက်မှာ လက်သည်းခွံလောက်ရှိသည့် သိုင်းရိုက်အကျိတ်ကလေး တစ်စုံကို ခေါ်ခြင်းဖြစ်သည်။ အိုင်အိုဒင်းအာဟာရဓာတ်သည် ခန္ဓာကိုယ်တွင်လိုအပ်လှသော သိုင်းရော့ဆင်ဟုခေါ်သော ဟိုမုန်းဓာတ်တစ်မျိုးကို ထုတ်လုပ်ပေးသော တာဝန်ကိုယူနေရသည်။

လူငယ်များတွင် အိုင်အိုဒင်းဓာတ် ချို့တဲ့ပါလျှင် သိုင်းရိုက်အကျိတ်ကြီးထွားလာမှုကြောင့် လည်ပင်းကြီးရောဂါရလာတတ်သည်။ သစ်သီးဆိုင်မှထွက်လာသောအခါ တူမလေးနွယ်နီက–

"ကြီးကြီးမေ၊ ဈေးရောင်းတဲ့မိန်းကလေးရဲ့လည်ပင်းက မို့မို့ဖောင်းဖောင်းနဲ့ တစ်မျိုးချစ်စရာကောင်းတယ်နော်"ဟု ချီးမွမ်းခန်းထုတ်နေပြန်၏။ ကြီးကြီးလုပ်သူကတော့ ကလေးမလေးတွင် အိုင်အိုဒင်းချို့တဲ့ရောဂါများ ဖြစ်နေမလားဟု စိတ်ပူနေသူဖြစ်သည်။

"ကြီးမေကတော့ အိုင်အိုဒင်းဓာတ်ချို့တဲ့လို့ သိုင်းရိုက်အကျိတ်ကြီးနေပြီလားလို့စိတ်ပူနေမိတယ်"ဟု ပြောလိုက်ရာ နွယ်နီသည် မျက်လုံးကလေးပြူး၍ မော်တော်ယာဉ်ပေါ်သို့ ရောက်သည်နှင့်–

ယုဝတီ ခင်ဦး

"ဘာဖြစ်လို့ လည်ပင်းကြီးရောဂါလို့ထင်ရတာလဲ၊ သိုင်းရိုက်အကျိတ်နဲ့ လည်ပင်းကြီးရောဂါနဲ့ ဘယ်လိုပတ်သက်လို့လဲ ကြီးကြီးမေ"ဟု စိုးရိမ်သံကလေးနှင့် မေးခွန်းပေါင်းမြောက်မြားစွာ စလာပါတော့သည်။

"သမီးရေ....သိုင်းရိုက်အကျိတ်ဟာ ခန္ဓာကိုယ်အတွက် အလွန်လိုအပ်တဲ့ သိုင်းရော့ဆင် ဟိုမုန်းကိုထုတ်ပေးတယ် အိုင်အိုဒင်းဓာတ်ကို သိုင်းရော့ဆင်ဟိုမုန်းထုတ်လုပ်ဖို့ အသုံးပြုရတယ်။ အိုင်အိုဒင်းဟာ သတ္တဝါတွေအတွက် လိုအပ်တဲ့ အာဟာရဓာတ်တစ်မျိုးပဲသမီးရဲ့၊ ပင်လယ်ကရတဲ့ငါး၊ ပုစွန်၊ ကျောက်ပွင့်တို့မှာ အများဆုံးပါတယ်လေ၊ ပတ်ဝန်းကျင် ရေမြေမှာ အိုင်အိုဒင်းဓာတ်ကြွယ်ဝရင်လည်း အဲဒီဒေသမှာကြီးထွားဖွံ့ဖြိုးလာတဲ့တိရစ္ဆာန်နဲ့ ပေါက်ရောက်တဲ့အပင်တွေ၊ အဲဒီနယ်မြေက သောက်သုံးရေတွေဟာ အိုင်အိုဒင်းဓာတ် ကြွယ်ဝတာပေါ့သမီးရဲ့၊ ဒါကြောင့် အိုင်အိုဒင်းမရရင် သန္ဓေသားဘဝကစပြီး ကြီးလာတဲ့အထိ ဒီအိုင်အိုဒင်းချို့တဲ့မှုအန္တရာယ် တွေဖြစ်လာနိုင်တာပေါ့"

အိုင်အိုဒင်း ချို့တဲ့သူတွင် တံတွေးမျိုချလိုက်လျှင် သိုင်းရိုက်အကျိတ်လုံးသည် အပေါ်တက်အောက်ဆင်းဖြစ်သည်ကို ကြားဖူးသဖြင့် နွယ်နီသည် သူ့လည်ပင်းကို သူ့လက်ကလေးဖြင့်ကိုင်ကာ တံတွေးမျိုချကြည့်နေသည်။

"သမီးမှာ လည်ပင်းကြီးရောဂါမရှိပါဘူး၊ သမီးရဲ့လည်တံကလေးက ကြော့ရှင်းနေတာပဲ" ဟုပြောလိုက်မှ နွယ်နီသည်ရှက်ပြုံးကလေးပြုံးနေသည်။

ကမ္ဘာ့လူဦးရေအများအပြားမှာ အိုင်အိုဒင်းချို့တဲ့သော ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသောကြောင့် အိုင်အိုဒင်းရောဂါဖြစ်ရန် အလားအလာရှိသည်ဟု သိရပေသည်။ အိုင်အိုဒင်းချို့တဲ့ရခြင်းမှာပတ်ဝန်းကျင်နှင့် များစွာသက်ဆိုင်သည်။ မိုးသည်းထန်စွာရွာ၍မြေဆီ၊မြေလွှာပျက်စီးသွားခြင်း၊ ရေလွှမ်းမိုးမှုဒဏ်ကြောင့် အိုင်အိုဒင်းမျောပါသွားခြင်း၊ ရေခဲတောင်မှ အရည်ပျော်လျက် ရေစီးကြောင်းဒဏ်ကြောင့် အိုင်အိုဒင်းဓာတ် ချို့တဲ့သွားခြင်း စသည်တို့ကြောင့် တောင်စဉ် တောင်တန်းတစ်လျှောက်ရှိ ဒေသများတွင် အိုင်အိုဒင်း ချို့တဲ့ရောဂါ အများဆုံးဖြစ်ရတတ်ပေသည်။

ရေလွှမ်းမိုးဒဏ်ခံရသည့် မြေနိမ့်ဒေသများတွင်လည်း အိုင်အိုဒင်းချို့တဲ့မှုများရှိတတ်သည်။ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံအတွင်းရှိ ဂင်္ဂါ မြစ်ဝှမ်းဒေသများတွင်စိုက်ပျိုး၍ရရှိလာသော အစားအစာများမှာ အများအားဖြင့် အိုင်အိုဒင်းချို့တဲ့နေသည်ဟု သိရသည်။ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း၈၀၀ခန့်မှာ အိုင်အိုဒင်းဓာတ် ချို့တဲ့ရောဂါဖြစ်ရန် အလားအလာရှိနေပြီး၊ ၎င်းတို့အနက် သန်းပေါင်း၁၉၀ခန့်မှာ လည်ပင်းကြီးရောဂါရှိနေကာ သုံးသန်းကျော်မှာ ဆွံ့အ၊ နားမကြားရောဂါ၊ စိတ်မနှံ့ရောဂါများ၊ ဉာဏ်ရည်ချို့တဲ့မှုများ ရှိနေကြောင်းသိရသည်။

အိုင်အိုဒင်းချို့တဲ့မှု ကာကွယ်နည်းမှာ လွယ်ကူပါသည်။ အိုင်အိုဒင်းချို့တဲ့ဒေသများတွင် အစားအစာများကို အိုင်အိုဒင်းဖြည့်ပေးခြင်းဖြင့် ကာကွယ်နိုင်သည်။ နောက်တစ်နည်းမှာ စားပင်သီးပင်များကို အာဟာရဖြစ်အောင် စိုက်ပျိုးခြင်း၊ အာဟာရမျှတအောင် စားသောက်ခြင်းတို့ပင်ဖြစ်သည်။ ဆားတွင် အိုင်အိုဒင်းဖြည့်ပေးခြင်းအားဖြင့် အကျိုးများစွာရှိပေသည်။ နေ့ရာတိုင်းတွင် ဆားသည် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သည်။ မိသားစုဟင်းလျာထဲတွင် အိုင်အိုဒင်းဆားသုံးခြင်းအားဖြင့် အိုင်အိုဒင်းချို့တဲ့မှုကို ကာကွယ်ပြီး ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေပါသည်။

မြန်မာနိုင်ငံတွင်ကား ရေမြေ သယံဇာတ ပေါကြွယ်ဝလျက် သဘာဝအိုင်အိုဒင်းဓာတ်များ ရရှိသည့်အပြင် အိုင်အိုဒင်းဆားလည်း တစ်ပြည်လုံး အတိုင်းအတာဖြင့် ဖြန့်ဖြူး သုံးစွဲလျက်ရှိရာ တိုင်းရင်းသားပြည်သူအားလုံး ဥာဏ်ရည်၊ ဥာဏ်သွေးများ အမြဲထက်မြက် ရှင်သန်နေမည်ဟု ယုံကြည်။

လေသမီးရဲ့၊ အဲဒီဟိုမုန်းက ကလေးတွေအတွက် ဦးနှောက်နဲ့အာရုံကြောကြီးထွားဖွံ့ဖြိုးဖို့အတွက်လိုအပ်တယ်၊ ပြီးတော့ ခန္ဓာကိုယ်ကြီးထွားဖို့အားပေးတယ်၊ ခန္ဓာကိုယ်အတွက် အင်အားဖြစ်ပေါ်ဖို့လည်း ကူညီတယ်၊ ခန္ဓာကိုယ်က အပူအအေးမျှတဖို့လည်းထိန်းပေးတယ်၊ ဒါပေမယ့် သိုင်းရော့ဆင် ဟိုမုန်းထွက်ဖို့အတွက်လည်း အိုင်အိုဒင်းခေါ်တဲ့ သတ္တုဓာတ် တစ်မျိုးလိုအပ်သေးတယ်၊ အိုင်အိုဒင်း ချို့တဲ့လာရင် သိုင်းရိုက်အကျိတ်က ကြီးလာမယ်လေ။ အဲဒီတော့ လည်ပင်းကြီးရောဂါ ဖြစ်လာတော့တာပေါ့"

"အဲဒီတော့ဘာဖြစ်တတ်သေးလဲကြီးကြီးမေ" နွယ်နီက သိချင်ဇောနဲ့မေးပြန်သည်။

"သမီးတွေ့ဖူးတယ်မဟုတ်လား။ ကိုယ်ဝန်ဆောင်မိခင်တွေမှာ တချို့မိခင်တွေ လည်ပင်းကြီးနေတာလေ၊ ကြီးခါစတော့ လည်ပင်းကလေးက ပြည့်ပြည့်ဖြိုးဖြိုးဖြစ်နေသလိုထင်ရတယ်၊ ဒါပေမယ့် အိုင်အိုဒင်းချို့တဲ့တော့ ကလေးပျက်ကျတတ်တယ်၊ မွေးလာတဲ့ကလေးတွေမှာ အာရုံကြောအားနည်းတတ်တယ်၊ ဉာဏ်ရည်ဉာဏ်သွေး လျော့နည်းတတ်တယ်၊ ဆွံ့အ၊ နားမကြားလည်း ဖြစ်တတ်တယ်၊ ဝမ်းတွင်းအရူးကလေးတွေလည်း မွေးတတ်တယ်၊ လည်ပင်းလည်း ကြီးတတ်တယ်"

"ဘုရားရေ... ဒါဖြင့် လည်ပင်းကြီးရောဂါကို ဘယ်လိုကာကွယ်ရမှာလဲ ကြီးကြီးမေ"

အိမ်သို့ပြန်ရောက်သောအခါလည်း မေးခွန်းမရပ်သေးချေ။ ကျွန်မတို့ တူအရီးနှစ်ယောက် ဧည့်ခန်းတွင်ထိုင်ပြီး ဝယ်လာသော လိမ္မော်သီးများကို နွှာစားလိုက်ကြသည်။

"အိုင်အိုဒင်းဓာတ်ဟာ ပတ်ဝန်းကျင် ရေ၊ မြေကစပြီး အစားအစာထဲ ရောက်လာရင် လူ့ခန္ဓာကိုယ်ထဲမှာ

မြန်မာနိုင်ငံတွင်ကား ရေမြေသယံဇာတပေါကြွယ်ဝလျက် ဆန်ရေစပါး၊ ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ သားငါးစုံလင်၍ ဓာတ်သတ္တုများ ပေါများစွာပါဝင်ပြီး သဘာဝအိုင်အိုဒင်းဓာတ်များ ရရှိသည့်အပြင် အိုင်အိုဒင်းဆားလည်း တစ်ပြည်လုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးသုံးစွဲလျက်ရှိရာ တိုင်းရင်းသားပြည်သူအားလုံး ဉာဏ်ရည်၊ ဉာဏ်သွေးများ အမြဲထက်မြက်ရှင်သန်နေမည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း အင်္ဂပူမြို့ မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ကျင်းပသည့် ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့်အလှူရှင်များက အလှူငွေများ ပေးအပ်ကြသည်။

ဝန်ကြီးသည် ဩဂုတ် ၉ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ထူးကြီးမြို့ခန်းမ၌ကျင်းပသည့် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးရှင် မအိဖြူခင်၊ သုံးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော မောင်ချစ်နိုင်းစံ၊ မောင်ဖြိုးလင်းဇော်နှင့် မောင်အောင်မျိုးမင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းပညာရေးမှူး (စစ်ဆေးရေး) ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများသို့ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ထူးကြီးတိုက်နယ်ဆေးရုံသို့ သွားရောက်၍ လူနာများအား အားပေးစကားပြောကြားပြီး အလှူငွေများပေးအပ်သည်။ ထိုမှတစ်ဆင့် မယ်ဇလီကုန်းကျေးရွာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဧည့်ခန်းမ၌ ဆရာ၊ဆရာမများအားတွေ့ဆုံ၍ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက်မယ်ဇလီကုန်းတိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံကိုကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ထူးကြီးမြို့ခန်းမ၌ကျင်းပသည့် ၂၀၀၃–၂၀၀၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသည့် မအိဖြူခင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သစ်တောရေးရာ)

အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အမှတ်(၁၅/အေ)နေ ဒေါ်သန်းသန်း မိသားစုက သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဇူလိုင် ၂၈ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သွားဘက်ဆိုင်ရာဆရာဝန်အသင်း ပညာရပ်ဆိုင်ရာဟောပြောမည်

ရန်ကုန် ဩဂုတ် ၁၀

စဉ်ဆက်မပြတ် ပညာတိုးတက်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို) ပညာရပ်ဆိုင်ရာ ကော်မတီက ကြီးမှူး၍ မျက်နှာ၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကု ပညာဌာနပါမောက္ခ/ဌာနမှူး ဦးကိုကိုမောင် (သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊သင်္ဃန်းကျွန်း စံပြဆေးရုံကြီး)က Ankylosis of TMJ (Clinical Aspects) ကုခန်းဆိုင်ရာ မေးရိုးအဆစ်ခိုင်ခြင်း ပြဿနာများ ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၅ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(ဘီ) အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဟောပြောပို့ချမည်ဖြစ်ရာ သွားနှင့်ခံတွင်းဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ဩဂုတ်၈ရက်က သင်္ဃန်းကျွန်းမြို့နယ် ခန်းမ၌ကျင်းပရာ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ ဒဂုံမြို့သစ်မြောက်ပိုင်း (၃၆)ရပ်ကွက် ရဲသီဟလမ်းနေ ဦးမြလွင်က အလှူငွေကျပ်တစ်သိန်းကို အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်သူထံ ပေးအပ်လှူဒါန်းစဉ်။ (၅၀၆)

အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၃/ ၂၀၀၄)သို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန် အစည်းအဝေး(၃/၂၀၀၄)ကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေး ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ကဏ္ဍကြီးငါးရပ်နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းများအောင်မြင်ရေး အတွက် အဖွဲ့ခေါင်းဆောင်များနှင့် စည်းရုံးရေးဆိုင်ရာ အဖွဲ့လိုက်ခေါင်းဆောင်များက အချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရေးနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် ဗဟိုစည်းရုံးရေး ကော်မတီ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၂/၂၀၀၄) အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ (၃/၂၀၀၄) အစည်းအဝေးသို့ တင်ပြရန်ရှိသည့် လုပ်ငန်းဆိုင်ရာများကို လည်းကောင်း ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေး ကော်မတီဝင် လုပ်ငန်းတာဝန်ကြီးငါးရပ် အဖွဲ့ခေါင်းဆောင်များနှင့် စည်းရုံးရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်များက မိမိတို့ အဖွဲ့လိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြ ကြသည်။

နိဂုံးချုပ်အမှာစကား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၃/၂၀၀၄)တွင်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တောင်ငူအသင်းတိုက်ဖြစ်မြောက်ရေးအလှူငွေပေးအပ်မည်

ရန်ကုန် ဩဂုတ် ၁၀

တောင်ငူအသင်း(အုတ်တွင်းနှင့် ထန်းတပင်အပါအဝင်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူ ပူဇော်ပွဲနှင့် အသင်းတိုက်ဖြစ်မြောက်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့မုခ် ကြားတောရလမ်း ဓမ္မသုခတိုက် ဇေယျာအောင်မြေကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်း(ဘုရင့်နောင် သင်္ကန်းတိုက်) ဖုန်း-၅၄၃၉၅၈၊ ၀၉-၅၀၀၁၉၀၃နှင့် အတွင်းရေးမှူး ဦးတင်လှ အမှတ်(၃၅) သုခလမ်း ကျောက်မြောင်း ဖုန်း-၇၂၂၇၈၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ရန်ကုန်တိုင်း တွံတေးမြို့နယ် မြို့နယ်မီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (လူမှုဝန်ထမ်း)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တွံတေးနှင့်ဒလ မီးသတ်စခန်းများစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရ စိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြသိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းတွံတေးမြို့နယ်ရှိ မြို့နယ်မီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန (တွံတေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ အုပ်ချုပ်ရေးမှူး ဒေါ်အေးသိန်းက အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန (တွံတေး)၏ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အသက်မွေးမှု ပညာရပ်များသင်ကြားလေ့ကျင့်ပေးမှုနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဌာနရှိ လက်မှုပညာသင်ခန်း၊ စက်ချုပ်ခန်း၊ အိပ်ဆောင်များ၊ စားဖိုဆောင်နှင့် သစ်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

မှာကြား

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒလမြို့နယ် မီးသတ်စခန်းသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး မီးသတ်ယာဉ်များ ကြံ့ခိုင်မှုရှိရေး၊ မီးသတ်ယာဉ်အဝင်/အထွက်လမ်း ကောင်းမွန်ရေး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပိုမိုစည်းရုံးရေးစသည့် ကိစ္စရပ်များကို မှာကြားသည်။ (သတင်းစဉ်)

အင်းစိန် အထက(၄)၏ နေခြည်သစ်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးမှူး ဦးရန်နောင်၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်လွင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်သရူဖောတို့က ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကမာရွတ်အထက(၂)မိဘဆရာစည်းဝေး

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း စုံညီအစည်းအဝေးကို ဩဂုတ် ၇ရက် နံနက် ၉နာရီက တေဇခန်းမ၌ ကျင်းပရာ မိဘဆရာအသင်း နာယကကြီးများ၊ အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ရွေးချယ်တင်မြှောက်

ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အေးဆင့်က ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်း၏ပညာရေးလုပ်ငန်း အစီအစဉ်များကိုရှင်းပြပြီး ဘာသာရပ်မှူးများက ဘာသာရပ်ဆိုင်ရာ စီစဉ်ဆောင်ရွက်ထားမှုများကို တင်ပြရာ မိဘအုပ်ထိန်းသူများကလည်း ပြန်လည်ဆွေးနွေး အကြံပြုကြသည်။

ဆက်လက်၍ မိဘဆရာအသင်း အတွင်းရေးမှူးက မိဘဆရာအသင်းအမှုဆောင် အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းများကို တင်ပြပြီး ၂၀၀၄-၂၀၀၅ပညာသင်နှစ်အတွက် မိဘဆရာ အသင်းအမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူကလေးများ၏ တွဲဖက်သင်ရိုးဖြစ်သော ဂီတ၊ ရသ၊ ပညာမှ အဆို၊ အတီး၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (က-ပ)

ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် ဗဟန်းမြို့နယ် ဒေသန္တရ ကျန်းမာရေးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါ်လွင်လွင်ဦးဆောင်၍ ဓာတ်ခွဲမှူး ဒေါ်ခင်ပြုံးကြည်၊ ကျန်းမာရေးဆရာမ ဒေါ်ခင်ရွှေ၊ သူနာပြုဆရာ ဒေါ်ခင်မျိုးပိုင်တို့ ပါဝင်သောအဖွဲ့ ဩဂုတ် ၉ရက်က ဗိုလ်ချို(၂)ရပ်ကွက်ရှိ အမက(၁၀)တွင်ကျောင်းသား၊ ကျောင်းသူ၂၂၂ဦး အား သွေးအုပ်စုခွဲပေးခြင်း၊ အရပ် တိုင်းခြင်း၊ ကိုယ်အလေးချိန် ချိန်ပေး ခြင်းများ ပြုလုပ်ပေးကြစဉ်။(က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်တို့ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်ရေး၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်
၂၀၀၆ခုနှစ်တွင် အာဆီယံအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ အလှည့်

✪ ကျောဖုံးမှ

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ်နှင့် ဇနီး ဒေါ်ထွေးထွေးမြ၊ စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ဟန္နွိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သမ္မတနန်းတော်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ဂုဏ်ပြုတပ်ဖွဲ့

ထို့နောက် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

မိတ်ဆက်ပေး

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယ ဝန်ကြီးချုပ် မစ္စတာဗူခွန်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကြိုဆိုနှုတ်ဆက်ကြသည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများအား နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့်အတူ နံနက် ၁၁ နာရီတွင် ဂုဏ်ပြုကြိုဆိုပွဲကျင်းပသည့် သမ္မတနန်းတော်မှ ဟန္နွိုင်းမြို့ အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့သည် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမည့် အစည်းအဝေးခန်းမရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်တို့ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နွိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတကာနှင့် ဒေသတွင်း ကိစ္စရပ်များ၌လည်း ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် လုပ်ဆောင်သွားပြီး မိမိတို့ နှစ်နိုင်ငံသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ညီညွတ်မှုကို ပိုမိုခိုင်မြဲစေရန် ကြိုးပမ်း လုပ်ဆောင်သွားကြမည်ဖြစ်။

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့်အတူ ဒုတိယဝန်ကြီးချုပ် မစ္စတာဗူခွန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာငုယင်ဇီညံ၊

...င်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံက အစွမ်းကုန်ပူးပေါင်း ဆောင်ရွက်လျက်ရှိ ...န်မာနိုင်ငံ အလှည့်ကျတော့မည်ဖြစ်ရာ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်က အစိုးရဧည့်ဂေဟာခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှစ်နိုင်ငံ ဝန်ကြီးချုပ်များ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးကဲများနှင့် မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့်အတူ နံနက် ၁၁ နာရီတွင် ဂုဏ်ပြုကြိုဆိုပွဲကျင်းပသည့် သမ္မတနန်းတော်မှ ဟနွိုင်းမြို့ အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမည့် အစည်းအဝေးခန်းမရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နံနက် ၁၁နာရီ ၁၀ မိနစ်တွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီဟွန်အမ်း၊ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာသုအွန်ဒင်းသီရန်၊ အစိုးရအဖွဲ့ရုံးအကြီးအကဲ မစ္စတာဒွန်မင်ဂိုနှင့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာဖန်ကွန်ခွန်နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား မှုခင်းကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် (Cooperation Agreement between the Government of the Union of Myanmar and the Government of the Socialist Republic of Vietnam on Prevention and Fighting Against Crime) ကို ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီဟွန်အမ်းတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က နှစ်နိုင်ငံအကြား နှစ်ပရိစ္ဆေဒရှည်ကြာစွာ တည်ရှိဖြစ်ထွန်းနေသော ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်စာနာနားလည်မှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကို ပိုမိုထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းသော ကိစ္စများကို ဆက်လက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးတို့အတွက် ဗီယက်နမ်နိုင်ငံသို့ မိမိတို့ ချစ်ကြည်ရေးအဖွဲ့လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် ဗီယက်နမ်နိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက နားလည်စာနာမှု၊ ထောက်ခံ အားပေးမှုတို့ပြုကြသည့်အတွက် မိမိတို့ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်ရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ် အေးချမ်းရေးတို့အတွက် မြန်မာနိုင်ငံကလည်း ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားပြီး မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

နားလည်ထောက်ခံ

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ကလည်း မိမိတို့ နှစ်နိုင်ငံသည် အစဉ်အလာရင်းနှီးမှုရှိပြီးသော နိုင်ငံများဖြစ်သည့်အပြင် တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ နိုင်ငံတစ်နိုင်ငံ၏ကံကြမ္မာကို သက်ဆိုင်ရာ ကာယကံရှင်နိုင်ငံကသာ ပြဋ္ဌာန်းပိုင်ခွင့်ရှိရေးတို့ကို မိမိတို့နှစ်နိုင်ငံစလုံးက တန်ဖိုးထားလိုက်နာလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒလမ်းစဉ်များ အောင်မြင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို မိမိတို့က နားလည်ထောက်ခံပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးကာလတွင် မြန်မာနိုင်ငံ၏ ကူညီစာနာထောက်ခံခဲ့မှုများကိုလည်း မိမိတို့ အမြဲသတိရလျက်ရှိပါကြောင်း၊ ၂၀၀၆ခုနှစ်တွင် အာဆီယံအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ အလှည့်ကျတော့မည်ဖြစ်ရာ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများအပေါ် များစွာအားရ ကျေနပ်မိပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပမာဏ တိုးမြှင့်ရေး၊ ကျန်းမာရေး၊ မဲခေါင်မြစ်ကို အကျိုးရှိစွာ အသုံးချရေး၊ ခရီးသွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး စသည့်ကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း။

ပါဝင်တက်ရောက်ရေး

နိုင်ငံတကာနှင့် ဒေသတွင်း ကိစ္စရပ်များ၌လည်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားပြီး မိမိတို့နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သွေးစည်းညီညွတ်မှုကို ပိုမိုခိုင်မြဲစေရန် ကြိုးပမ်းလုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း၊ အာရှ–ဥရောပ ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ ပါဝင်တက်ရောက်ရေးကို ဗီယက်နမ်နိုင်ငံက ထောက်ခံကြောင်း စသည်ဖြင့် ပြန်လည်ဆွေးနွေးသွားသည်။

စာချုပ်ရေးထိုး

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ အကြား

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

...နှင့် ဒေသတွင်း ကိစ္စ ...း ပူးပေါင်း ဆောင် ...က်လက် လုပ်ဆောင် ...တို့ နှစ်နိုင်ငံသည် ...ဝင်နိုင်ငံများအကြား ပိုမိုခိုင်မြဲစေရန် ...လုပ်ဆောင်သွားကြ

မြန်မာ-ဗီယက်နမ်မှုခင်းကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးလဲလှယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က အစိုးရဧည့်ဂေဟာခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှစ်နိုင်ငံ ဝန်ကြီးချုပ်များ ရင်းနှီးခင်မင်စွာ ဆုမွန်ကောင်းများတောင်းကြစဉ်။ (သတင်းစဉ်)

▲ **စာမျက်နှာ ၉ မှ**

မှုခင်းကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် Cooperation Agreement Between the Government of the Union of Myanmar and the Government of the Socialist Republic of Vietnam on Prevention and Fighting Against Crime) ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီဟွန်အမ်းတို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုနေ့လယ်စာ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က မွန်းလွဲ ၁၂ နာရီခွဲတွင် အစိုးရဧည့်ဂေဟာခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့်အတူ ဒုတိယဝန်ကြီးချုပ် မစ္စတာဗူခွန်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ရင်းနှီးစွာ အပြန်အလှန် ဆုမွန်ကောင်းများတောင်းကြသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များသည် လာအို

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➪

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများနှင့် မိတ်ဆက်ပေးစဉ်။(သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Censumer's Equilibrium (ဒုတိယနှစ်-စီးပွားရေး)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
၆း၄၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်" (အပိုင်း-၁၅)**
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား (ဒုတိယတွဲ) (အပိုင်း-၅)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ငုယင်ဗန်အန်အား ဩဂုတ် ၉ရက် မွန်းလွဲ ၂နာရီတွင် ဟနွိုင်းမြို့ ဘာဒင်းခန်းမဆောင်၌ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ငုယင်ဗန်အန်နှင့်အတူ ဗီယက်နမ်အမျိုးသားလွှတ်တော် ပြည်ပရေးရာဌာန ဒုတိယဥက္ကဋ္ဌ မစ္စက် တွန်ချူသီနှင့် ဗီယက်နမ်အမျိုးသားလွှတ်တော် စီးပွားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စက် ဒေါင်သူဟောင်း၊ ဗီယက်နမ် အမျိုးသားလွှတ်တော်ရုံး ဒုတိယဥက္ကဋ္ဌ မစ္စတာ ထရန်ကိုသန်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်ကွန်ခွန်နှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိမိတို့နှစ်နိုင်ငံအကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ရေးအတွက် မိမိတို့အဖွဲ့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ဒေသအတွင်း သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ကြီးမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ တစ်ချိန်တည်းမှာပင် နှစ်နိုင်ငံချင်းအနေဖြင့်လည်း နားလည်မှုရှိစွာ ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်နေသည်ကို အားရမိပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်တကွ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

နားလည်သိရှိ

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ငုယင်ဗန်အန်က မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် မိမိတို့ စာနာနားလည်မှုရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာတည်တံ့ခိုင်မြဲရေးအတွက် မည်မျှရင်းနှီးပေးဆပ်ရသည်ကို မိမိတို့ကိုယ်ပိုင်အတွေ့အကြုံများအရနားလည်သိရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ထပ်မံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ရင်းနှီးခင်မင်စွာနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာငုယင်ဗန်အန်တို့ ဩဂုတ် ၉ရက်က ဟနွိုင်းမြို့ ဘာဒင်းခန်းမဆောင်၌ ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ငုယင်ဗန်အန်တို့ ဩဂုတ် ၉ရက်က ဟနွိုင်းမြို့ ဘာဒင်းခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ဂျပန်သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yuji Miyamotoသည် ယနေ့ နံနက် ၁၀နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ ဂုံညင်းတန်းတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဆေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ရုက္ခဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၄၅ ၈။ သီချင်းကြီးပဒေသာ
၆:၀၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၁၀ ၁၀။ Discovery.
၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ မြန်မာ့ရိုးရာတူရိယာပစ္စည်းများထဲမှ တိုင်းရင်းသားတို့တူရိယာ
၇:၁၅ ၁၅။ တေးဂီတအစီအစဉ်
၇:၃၀ ၁၆။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကြီး" (ပထမဆု) (ရန်ကုန်တိုင်း–၁) (ပထမပိုင်း)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ရွှေတိဂုံစေတီတော် သိင်္ဂုတ္တရဥယျာဉ်တော် ထာဝရဒါန အရိပ်အလှူ၊ ပန်းအလှူ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့် ရွှေတိဂုံစေတီတော်သိင်္ဂုတ္တရ ဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်၌ အရိပ်ရပင်နှင့် ပန်းအလှပင်များကို ထာဝရဒါန အရိပ်အလှူ ပန်းအလှူအဖြစ် အလှူရှင်များ အလွယ်တကူ စိုက်ပျိုးလှူဒါန်းနိုင်ရန် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် သွေးဆေးကန်အနီး၌ အလှူခံဌာန ဖွင့်လှစ်ထားရှိသည်။

ယနေ့မွန်းလွဲ ၁နာရီတွင် အလှူရှင်များဖြစ်ကြသည့် ရွှေတိဂုံစေတီတော် ရေကြည်တော် ဝတ်အသင်းက ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ခရာဝါ ပျိုးပင်အိတ်ကြီး ၂၀၀၊ Heliconia ပျိုးအိတ် ၂၀၀၊ သစ္စာကြား ပျိုးအိတ် ၅၀၀ နှင့် ညောင်ဝါပျိုးအိတ် ၃၀၀၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ခရာဝါ ပျိုးပင်အိတ်ကြီး ၁၀၀ နှင့် ပုဏ္ဏရိက်ပု ပျိုးအိတ် ၁၀၀၊ ဦးကျော်ဇံ–ဒေါ်စိုးစိုး(ရွှေတိဂုံမြန်မာမှုလုပ်ငန်း)က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ပုဏ္ဏရိက်ပျိုးအိတ် ၅၀၀ နှင့် ဦးမင်းသောင်း–ဒေါ်အေးမိစံ(ဆင်ဖြူတော်ယွန်းလုပ်ငန်း–ပုဂံမြို့)က ငွေကျပ်တစ်သိန်း တန်ဖိုးရှိ Heliconia ပျိုးအိတ် ၃၀၀နှင့် ဝါးမြက်ပျိုးအိတ် ၁၀၀ တို့ကို လာရောက်လှူဒါန်းကြရာ ရွှေတိဂုံ စေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

လှူဒါန်းနိုင်

အဆိုပါ အလှူခံဌာနကို ဩဂုတ် ၃၁ရက်အထိ နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ရာ အလှူရှင်များ လာရောက်ဝယ်ယူလှူဒါန်းနိုင်ကြသည်။ (သတင်းစဉ်)

ပို့ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ရှင်းမြို့သို့ထွက်ခွာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးမစ္စတာ လေကုန်ဖုန်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယန်ရှင်းမြို့သို့ ထွက်ခွာရန် ဒေသစံတော်ချိန် ညနေ ၄နာရီတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလေကုန်ဖုန်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဖန်ကွန်ခွန်နှင့် တာဝန်ရှိသူများ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ်နှင့် ဇနီး ဒေါ်ထွေးထွေးမြ၊ စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက လေယာဉ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

လာအိုနိုင်ငံသို့

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ရှင်းမြို့သို့ထွက်ခွာရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူး၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

သဘောတူစာချုပ် အပြန်အလှန်လဲလှယ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအကြား မှုခင်းကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီဟွန်အမ်းတို့ လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

အော်ဒီဆလွန်းကား အစီး ၃၀ လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ၂၀၀၄ခုနှစ် မတ် ၂၄ရက်တွင် နှစ်နိုင်ငံအစိုးရ ကိုယ်စားလှယ်တို့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော နှစ်နိုင်ငံစီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ပေးအပ်သည့် အကူအညီ ယွမ်သန်း ၅၀ မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ အော်ဒီဆလွန်းကားအစီး ၃၀ လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Li Jin Jun တို့တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အဆိုပါ အော်ဒီဆလွန်းကားအစီး ၃၀ လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းလွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးသံမှူး Mr. Tang Hai တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ယင်းအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

တင်းနစ် Junior World Ranking ပြိုင်ပွဲ သိမ်ဖြူတင်းနစ်ကွင်းတွင် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၀

တင်းနစ်Junior World Ranking ပြိုင်ပွဲကို အောက်တိုဘာ ၂၅ရက် မှ ၃၁ရက်အထိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ လူရွေးပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်လိုသော အသက်(၁၈)နှစ်အောက် တင်းနစ် အားကစား မောင်/မယ်များသည် သိမ်ဖြူတင်းနစ်စင်တာသို့ လည်းကောင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀သို့လည်းကောင်း ဩဂုတ် ၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထားစာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကွန်ကရစ်ဇလီဖားစက်ရုံ(ပြွန်တန်ဆာ)ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဩဂုတ် ၉ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းရှိ ကြို့တင်အားဖြည့်ကွန်ကရစ်ဇလီဖားစက်ရုံ(ပြွန်တန်ဆာ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ၊ လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ)ဦးသန်းဦးနှင့် စက်ရုံမှူး ဦးတင့်လွင်တို့က စက်ရုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ကွန်ကရစ် ဇလီဖားတုံးကနဦး ကြို့တင်စမ်းသပ်ထုတ်လုပ်မှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြသည်။

ဖြည့်ဆည်းပေး

ဝန်ကြီးက ပြွန်တန်ဆာကွန်ကရစ်ဇလီဖားစက်ရုံမှ အရည်အသွေးမီ ကွန်ကရစ်ဇလီဖားတုံးများ လျာထားချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကွန်ကရစ် ဇလီဖားစက်ရုံ တည်ဆောက်မှုလုပ်ငန်းခွင်၌ ကွန်ကရစ်ဇလီဖားတုံးများ ကနဦး စမ်းသပ်ထုတ်လုပ်မှု၊ ပေါင်းခံဘွိုင်လာများ တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီးတို့သည် ပဲခူးဒီဂရီကောလိပ်သို့ရောက်ရှိပြီး ပဲခူးဒီဂရီကောလိပ် ပညာရေးဝန်ထမ်းများ၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားသည်။ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားပြီး ပဲခူးဒီဂရီကောလိပ် ပညာရေးဝန်ထမ်းများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများကို ပဲခူးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးသိန်းဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသို့ ပေးအပ်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည်ပဲခူးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ ပဲခူးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အမှုဆောင်များနှင့်ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပဲခူးဒီဂရီကောလိပ် Computer Training Centre ၌ ကွန်ပျူတာ အသုံးချ၍ ကျောင်းသား၊ ကျောင်းသူများ New Dynamic English သင်ယူနေမှု၊ Language Lab ၌ အင်္ဂလိပ်ဘာသာ လေ့လာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကွန်ကရစ်ဇလီဖားစက်ရုံ(ပြွန်တန်ဆာ)တွင် ကွန်ကရစ်ဇလီဖား စမ်းသပ်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဆေးဝါးကုသမှုခံယူနေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

ရန်ကုန် ဩဂုတ် ၁၀

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဋ္ဌေးနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များလိုက်ပါလျက် ယနေ့ညနေ ၃ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်–၁၀၀၀) မင်္ဂလာဒုံသို့သွားရောက်ပြီးဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ရှေးဦးစွာ အမျိုးသား ညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်နှင့် အဖွဲ့အား တပ်မတော်ဆေးရုံကြီး(ခုတင်–၁၀၀၀)မင်္ဂလာဒုံဧည့်ခန်းမ၌ တပ်မတော်ဆေးရုံကြီး(ခုတင်–၁၀၀၀) မင်္ဂလာဒုံတပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်နှင့် တာဝန်ရှိသူများက ဆေးရုံတက်ရောက် ဆေးဝါးကုသမှု ခံယူနေကြသော အမျိုးသား ညီလာခံ ကိုယ်စားလှယ်ငါးဦးတို့၏ ကျန်းမာရေးအခြေအနေများနှင့် ဆေးဝါးကုသပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာမြင့်သိန်း၊ ဦးမောင်မောင်ဦး၊ ဒေါက်တာတင့်ဝေနှင့် ဦးသန်းထိုက်တို့၏ ကျန်းမာရေး အခြေအနေများကို တွေ့ဆုံမေးမြန်း အားပေး စကားပြောကြားကာ လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက်အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးမန်းတင်အောင်သန်း၏ ကျန်းမာရေး အခြေအနေကို မေးမြန်းအားပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ညနေ ၄ နာရီတွင် တပ်မတော် ဆေးရုံကြီး(ခုတင်–၁၀၀၀) မင်္ဂလာဒုံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)၌ တက်ရောက်၍ဆေးကုသမှု ခံယူနေသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း လူသစ်တန်းဘောလုံးပြိုင်ပွဲ ဧရာဝတီတိုင်းဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၁၀

၂၀၀၄ခုနှစ် ပဥ္စမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း လူသစ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ ညနေပိုင်းတွင် ပုသိမ်ဇုန်၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ဧရာဝတီတိုင်းမှ သိန်းထိုက်အောင်က ရရှိသွားသည်။

(သတင်းစဉ်)

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဩဂုတ် ၁၀

၂၀၀၄ခုနှစ် ဩဂုတ် ၁၆ရက်မှ ၂၂ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀၁ ပေခန့်မှ ၂၀ ဒသမ ၅၁ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စစ်တောင်းမြစ်နှင့် ဒုဋ္ဌဝတီမြစ် စိုးရိမ်ရေမှတ်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၁၀

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း စင်တီမီတာ ၄၀ (တစ်ပေခွဲ)ခန့်မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ သို့ ရောက်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း စင်တီမီတာ ၃၀ (တစ်ပေ)ခန့် မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀ သို့ ရောက်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် ၁၃စင်တီမီတာ (ပေဝက်ခန့်)ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက်မှနှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်သည်။

မနောသုခမဂ္ဂဇင်း ထုတ်ဝေရန်စီစဉ်နေ

ရန်ကုန် ဩဂုတ် ၁၀

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့်ကို ကြိုဆိုသောအားဖြင့် ရဟန်းရှင်လူများ စိတ်နှလုံးပြည့်စုံချမ်းသာစေရန် “မနောသုခ” မဂ္ဂဇင်းကို မကြာမီလစဉ် ထုတ်ဝေရန် စီစဉ်လျက်ရှိရာ ထူးခြားသော စေတီပုထိုးများအကြောင်းနှင့် ဆေးဘက်ဆိုင်ရာစာပေများ၊ ဗုဒ္ဓဝင်နှင့် မင်္ဂလာတရားတော်သင်ကြားပို့ချမှုများ အကြောင်းစသည်တို့ကို စာမူရှင်များ ရေးသားပေးပို့နိုင်ပြီဖြစ်ရာ (YMBA) အသင်း အတွင်းရေးမှူး ဖုန်း–၂၉၀၄၀၉ နှင့် တာဝန်ခံစာတည်း (မနောသုခ မဂ္ဂဇင်း) ရွှေသမင်စာပေ ဖုန်း–၂၉၆၁၁၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်ဟု သိရသည်။

(က–ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၀–၈–၂၀၀၄)

ဖျာပုံ	–	၅ ဒသမ ၈၇ လက်မ
ဘားအံ	–	၅ ဒသမ ၂၄ လက်မ
ရေး	–	၄ ဒသမ ၉၂ လက်မ
မြောင်းမြ	–	၄ ဒသမ ၇၆ လက်မ
ပုသိမ်	–	၃ ဒသမ ၈၂ လက်မ
မော်လိုက်	–	၃ ဒသမ ၁၅ လက်မ
ဟသ္သာတ	–	၃ ဒသမ ၁၅ လက်မ
မအူပင်	–	၃ ဒသမ ၀၃ လက်မ

ရန်ကုန်မိုးရေချိန်

(၁၀–၈–၂၀၀၄)

မင်္ဂလာဒုံ	–	၁ ဒသမ ၀၃ လက်မ
ကမ္ဘာအေး	–	၀ ဒသမ ၈၇ လက်မ
ရန်ကုန်မြို့လယ်	–	၀ ဒသမ ၆၃ လက်မ

ကော့မှူးမြို့နယ် ဆင်ခြံကျေးရွာ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတအား ရည်စူး၍ ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဦးကေတုမာလာက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ကျပ်နှစ်သိန်းငါးသောင်းတန်ဖိုးရှိ ပန်းနာရောဂါသည်သုံး အသက်ရှူစက်တစ်စုံလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးသန်းအောင် ဇူလိုင် ၂၇ရက်ကလက်ခံယူစဉ်။ (က-ပ)

ဓမ္မဒူတဇေတဝန်တောရ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၀

မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၌ ဝါတွင်းပထမအကြိမ် ၁၀ ရက်တရားစခန်းကို ဩဂုတ် ၁၃ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ယောဂီဦးရေ ၅၀ခန့်သာ လက်ခံမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများသည် ဖုန်း- ၇၀၇၁၂၉ သို့ ဆက်သွယ်စာရင်းပေး၍ ဩဂုတ် ၁၃ ရက် ညနေ ၄ နာရီ အရောက်လာကြရန်ဖြစ်သည်။ (က-ပ)

ဝန်ထမ်းအလိုရှိသည်

(ကျပ်ငွေဖြင့် ပြည်တွင်း၌သာ ခန့်ထားရန်)

Good Brothers Co.,Ltd ၏ နယ်အရောင်းဆိုင်ခွဲများတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

Accountant **ကျား၊ မ (၃)ဦး**

B.Com(or) D.A (Any Graduate)

(လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိသူ ဖြစ်ရမည်။ လုပ်ငန်းကျွမ်းကျင်သူဖြစ်ရမည်။)

စိတ်ဝင်စားသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၃)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာနှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်-(၂၂)၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်လုံးချင်းအိမ်ရာ၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၆၈၂၁၄၇၊ ၆၈၂၁၅၇၊ ၆၈၁၉၈၃ Ext; ၈၀၂-၈၀၅

အမည်ပြောင်းခြင်း

ဦးသန်းဌေး၏သမီး အလက(၄) ရန်ကင်း G-8(B)မှ မဝေဝေထက်ထက်အား မလင်းလက်မိုးဟု ပြောင်းလဲခေါ်ပါရန်။ **မလင်းလက်မိုး။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မိုးကျော်သူ (နိုင်ငံကူးလက်မှတ်-၂၉၃၁၉၁)နှင့်အတူ အရေးကြီးဖိုင်တွဲပျောက်ဆုံးခဲ့၍ တွေ့ရှိသူမှ လိပ်စာအတိုင်းပို့ပေးပါက ကျေးဇူးဆပ်ပါမည်။ **မနီနီဝင်း**

အမှတ်(၁၁၈)၊ ၁၀လမ်း၊ ၄လွှာ(B)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ မစောတင် [MHG ၀၉၆၁၉၉]နှင့် ခင်ပွန်းဖြစ်သူ ကိုသက်ဦးလွင်[၁၂/ကမန(နိုင်)၀၁၀၃၉၄]တို့ သည်စိတ်သဘောထားချင်း တိုက်ဆိုင်မှု မရှိတော့ပါသဖြင့် ၁၈-၇-၂၀၀၄ နေ့မှစ၍ ၎င်းအား ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မစောတင်။

၂၀၂ ကိုယ်ကာယအလှ နှင့် ကြံ့ခိုင်ရေးလေ့ကျင့်ရေးသင်တန်း

ယောဂါ နှင့် အိုလံပစ်

Centre I -

Centre II -

ဝန်ထမ်းအလိုရှိသည်

(1) Manager

- Any Graduate

(2) Accountant

- B.Com/LCCI

(3) Office Staff

- Any Graduate

Ruby & Sapphire Co., Ltd.

လေးပါးရာဇာ

သွေးတိုးကျဆေးပြား

M.B,B.S, DMA

ရွှေနန်းမှန်ကူ ဝင်ခွင့်

KMD ၂၀၀၄ ခုနှစ် ဩဂုတ်လ ကွန်ပျူတာနည်းပညာပြပွဲ

နည်းပညာဝန်ဆောင်မှုအသစ်များနှင့်အတူ အိုင်တီနည်းပညာပြပွဲ သို့ လာရောက်ကြည့်ရှုပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၁၅ ဩဂုတ်လ ၂၀၀၄

အချိန် ။ ။ နေ့လယ် (၁၂) နာရီမှ ညနေ (၅) နာရီအထိ

နေရာ ။ ။ Strand Hotel ခန်းမ

Tel: 095-1-381035, 384109, 381776, 204071, 500295, 243595

OK

ဆန် + ဆီဝယ်မယ်ဆိုရင် OK ကို ဆက်သွယ်မှာကြားမှ အဆင်ပြေမှာ

OK အဆင့်မြင့် အာမခံပဲဆီမွှေးများ

OK အဆင့်မြင့် သန့်စင်ပြီး ပေါ်ဆန်မွှေးများ

ဘာစမာတီဆန်၊ ရှမ်းဆန်နှင့် အခြားဆန်မျိုးစုံကို အိမ်+ကားဂိတ်အရောက် အထူးအာမခံဖြင့် ပို့ပေးပါသည်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။ ဆက်သွယ်မှာကြားရန် -

အိုကေဓာတ်သားရေ-ဘုရင့်နောင်

တိုင်း ကျောင်းသားသစ်များလက်ခံပြီ

☎ 01-535151, 09-80-34549

ဝန်ထမ်းအလိုရှိသည်

(1) Office Staff F (3) Posts

(2) Receptionist (4) Posts

MAT Int'l Educational & Training Center

Ph-545375

ဆေးပင်

အကြောအားတိုးဆေး

ဝန်ထမ်းအလိုရှိသည်

(a) Manager (Sales & Marketing For Pharmaceutical Products)

- M.B.B.S

K.M.T Group Ltd.

ဆူးလေစင်တာပွိုင့်ဖက်ရှင်

၂၀၀၄ခုနှစ် မိုးရာသီအထူး Special Discount 5% 10% 15% 20% 30%

1.8.2004 မှ 15.8.2004 ထိ

အမှတ်(204/ 208) ... ☎ 252804, 283359

VICTORIA FANCY SHOP

ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမ၊ ကမာရွတ်မြို့နယ်။

ပြုံးပြုံးပျော်ပျော်ဈေးဝယ်ဖို့ ''ဗစ်တိုးရီးယား'' ကုန်တိုက်သို့ သွားကြစို့။

Open Daily - 9:00 Am ⇔ 9:00 Pm

☎ 515136, 505614

VICTORIA HYPER MART

EXCEL SHOPPING MALL (BASEMENT)

ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်။

✦ နေ့ရက် - **14.8.2004** မှ **22.8.2004** ထိ ✦

✦ ကုန်ပစ္စည်းမျိုးစုံကို အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးနေပါပြီ... ✦

Open Daily-9:00 Am ⇔ 9:00 Pm

☎703778,559377, Ext : 6171

အဆင့်မြင့် ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်

တောင်ကြီး ဩဂုတ် ၉

နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးဦးတည်ချက် လေးရပ်နှင့်အညီ ရှမ်းပြည်နယ်တွင် ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင်စွာ ဖြစ်ပေါ်လာရေးကို အဓိကအထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုကူညီပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ ကျောက်တိုင် အားကစားကွင်းနှင့် ခန်းမတွင် အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်ထိ အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများ၊ ကွန်ပျူတာနှင့် အီလက်ထရွန်းနစ် ပစ္စည်းများ၊ စက်မှုဇုန်များမှ စက်မှုထုတ်ကုန်ပစ္စည်းများ၊ တိုင်းရင်းဆေးနှင့်ပြည်တွင်း၊ ပြည်ပဆေးဝါးများ၊ ပြည်ပ သွင်းကုန်အစားထိုးပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများကို အရောင်းပြခန်းများ ဖွင့်လှစ်ပြသရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဤပြပွဲနှင့်ဈေးရောင်းပွဲတော်ကို မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်မည်ဖြစ်ပြီး ကုန်ပစ္စည်းအသုံးပြုပုံများကို လက်တွေ့ သရုပ်ပြနိုင်ရန်အတွက် နေ့စဉ် ကုန်ပစ္စည်း သရုပ်ပြရှင်းလင်းပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် အခမဲ့ဖျော်ဖြေပြသနိုင်ရန်စီစဉ်ထားရှိသည်။

ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချလိုသော လုပ်ငန်းရှင်များအနေဖြင့် Smart Business Group Co. Ltd ဖုန်း–၀၁–၅၃၉၈၇၈၊ ၅၂၄၂၇၄ တို့သို့ ဆက်သွယ်နိုင်သည်။ **(က–ပ)**

မိုးကြိုချည်မျှင်ရှည်ဝါ စံကွက်ရိတ်သိမ်း

သာစည် ဩဂုတ် ၃

၂၀၀၄–၂၀၀၅ခုနှစ် မိုးကြို ချည်မျှင်ရှည်ဝါ စံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၂၂ရက် နံနက်က သာစည်မြို့နယ် နှမ်းကန်အုပ်စု ကွင်းအမှတ် ၁၈၈၁/၁၈၈၃ ဦးပိုင်အမှတ်၃၅ ရှိ တောင်သူကြီးဦးလှသန်း၏ ၅ ဒသမ ၇၃ ဧကရှိ မိုးကြိုချည်မျှင်ရှည်ဝါစိုက်ခင်းတွင် ပြုလုပ်သည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလူ၊ မြို့နယ် ဝါမန်နေဂျာ ဦးမြင့်ထွေး၊ မြေစာရင်းဌာနမှ တာဝန်ရှိသူများ၊ ရှေ့တန်းမှူးများ၊ ကျေးရွာဥက္ကဋ္ဌနှင့် တောင်သူများ တက်ရောက်ကြပြီး ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် တောင်သူကြီးဦးလှသန်း၏ မိုးကြိုချည်မျှင် ရှည်ဝါတစ်ဧက စံကွက်ထွက်နှုန်းမှာ ဝါပိဿာချိန် ၇၀၀ ဒသမ ၄၅ ပိဿာ ထွက်ရှိသဖြင့် သတ်မှတ်ပန်းတိုင် တစ်ဧကအထွက်နှုန်း ပိဿာ ၄၀၀ ထက် ကျော်လွန်စွာ ထွက်ရှိကြောင်း သိရသည်။

သာစည်မြို့နယ် ဝါစိုက်တောင်သူများအနေဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ တစ်ဧက ထွက်နှုန်းမှာ ယခုနှစ်တွင် ယခင်နှစ်များကထက် ထွက်နှုန်းစံချိန် ကောင်းမွန်ကြောင်း သိရသည်။ (၄၂၅)

တောင်ငူမော်တော်ယာဉ်အသင်း သင်းလုံးကျွတ်စည်းဝေး

တောင်ငူ ဇူလိုင် ၃၁

တောင်ငူမြို့နယ် မော်တော်ယာဉ်ကြီးအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက်က တောင်ငူမြို့ ကေတုရတနာခန်းမ၌ ကျင်းပရာ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် အသင်းသူအသင်းသားများ တက်ရောက်ကြပြီး တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်က အမှာစကား ပြောကြားသည်။

ရွေးချယ်

အခမ်းအနားတွင် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဦးပြုံးချို၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်ဆွေ၊ အတွင်းရေးမှူး ဦးသက်လွင်၊ တွဲဖက်အတွင်းရေးမှူး ဦးသာအောင် (ခ) ဦးအပူတီး၊ ဘဏ္ဍာရေးမှူး ဦးပါလေး၊ စာရင်းစစ် ဦးစိန်မိုးနှင့် အမှုဆောင် ဦးအောင်ရင်တို့ပါဝင်သော အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။

(၁၂၉)

သောက်ရေကန် သန့်ရှင်းရေး ဆောင်ရွက်

နမ့်ခမ်း ဩဂုတ် ၂

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်တို့ ပူးပေါင်း၍ နမ့်ခမ်းမြို့ ရေပေးဝေရေး သောက်ရေကန်နှင့် အနီးတစ်ဝိုက်ရှိ ချုံပင်မြက်ပင်များကို ဇူလိုင် ၂၅ ရက်က စုပေါင်းခုတ်ထွင် ရှင်းလင်းပြီး သန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးသက်နိုင်ဦးက ဦးဆောင်၍ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ်
သတင်းများ

သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မလှိုင် ဩဂုတ် ၅

မလှိုင်မြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၇ရက် နံနက် ၇ နာရီတွင် မလှိုင်မြို့မှ ဆည်တိုကျေးရွာသွားလမ်းမကြီးဘေး ဝဲ–ယာတွင်လည်းကောင်း၊ မလှိုင်မြို့မှ နှောကန်ကျေးရွာသွား လမ်းမကြီးဘေး ဝဲ–ယာတွင်လည်းကောင်း ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လမ်းဘေး ဝဲ–ယာရှိ ကျေးရွာများမှ ပြည်သူများ စုစုပေါင်းအင်အား ၂၅၀၀ ကျော်ပါဝင်၍ လမ်းဘေး ဝဲ–ယာ အရိပ်ရသစ်ပင်၊ မန်ကျည်း၊ တမာ၊ ကုက္ကိုပင်ပေါင်း ၁၂၀၀ ကျော် စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

(မြို့နယ်ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ် မြင်းမူးကျေးရွာ ကိုယ့်အားကိုယ်ကိုး "ပညာပန်းဥယျာဉ်" စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၁၈ ရက်က အဆိုပါ စာကြည့်တိုက်တွင် ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်ကြည်နှင့် ကျေးလက် လူမှုဖွံ့ဖြိုးရေးစီမံကိန်း တာဝန်ခံ ဦးစိန်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်) မင်းလှမြို့နယ် လက်ဆက်ကျေးရွာအုပ်စု စိန်ကန့်လန့်ရွာတွင် ဇူလိုင် ၁၈ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်သန်းအား မြို့နယ်ဦးစီးမှူး ဦးရဲရွှေက ပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်သူ ဇူလိုင် ၁၄ ရက်က ဗန်းမော်မြို့နယ် ဗလမင်းထင်လမ်း လမ်းပေါက်ဖာခြင်း လုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

ချီဖွေ မေ ၃၀

ချီဖွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ အငယ်တန်းအင်ဂျင်နီယာ (၃) ဦးယဉ်မင်းကျော်နှင့်ဝန်ထမ်းများ၊ ဒေသခံပြည်သူများသည် ၂၀၀၃/၂၀၀၄ခုတွင် ဆောင်ရွက်ပြီးစီးခဲ့သော ရုံးကုန်းလမ်းရှိ ၅၀၀′× ၁၂′ ကျောက်ချောလမ်း ဝဲ–ယာတို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၂၈ ရက်က ရေနုတ်မြောင်းများ တူးဖော်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မော်လမြိုင်ကျွန်း ဇူလိုင် ၂၉

မော်လမြိုင်ကျွန်းမြို့နယ် ဖရဲအုန်းပင်စုစုံပြကျေးရွာ ရွှေအုန်းပင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ၊ လမ်းသစ်ဖွင့်ပွဲ၊ ဆေးပေးခန်းဖွင့်ပွဲနှင့် မီးစက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ဖရဲအုန်းပင်စု ကျေးရွာ၌ကျင်းပရာ ရွှေအုန်းပင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်အေးအေးယုနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်က ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ ခေတ်ပုံ ကျွမ်းကျင် (၂)ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)က စာကြည့်တိုက် အောင်မြင်ရှင်သန်ရေးကိုလည်းကောင်း ဟောပြောကြပြီး ကျေးလက်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်သန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များကို မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇူလိုင် ၁၂ရက်မှ ၂၈ ရက်အထိ ကျေးလက်စာကြည့်တိုက် ၂၂ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

ကျောက်ချောလမ်း ကွင်းဆင်းစစ်ဆေး

ဝက်လက် ဩဂုတ် ၃

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ အငယ်တန်း ဦးဝင်းလှိုင်သည် အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်ဇင်ဇင်သက် လိုက်ပါလျက် ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆက်လက်ဆောင်ရွက်မည့် ဝက်လက်–အင်ကြင်းပင်–ရှိမ္ဗကားလမ်းပိုင်း မိုင်တိုင်အမှတ်–၉/၄မိုင်မှ ၁၂/၀ မိုင်အတွင်း ကျောက်ချောခင်းကျင်းရန် ဆောင်ရွက်ထားရှိမှု အခြေအနေကို ဇူလိုင် ၂၁ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။

ဝက်လက်–အင်ကြင်းပင်–ရှိမ္ဗကားလမ်းမိုင်တိုင်အမှတ်–၉/၄မိုင်မှ ၁၂/၀ မိုင်အတွက် ဂျင်းကျောက်ကျင်း၂၈၀ စုဆောင်းထားရှိပြီး ကျောက်မဲတောင်ပေါ်တွင် ကျောက်ရိုင်းကျင်း ၁၅၀ စုဆောင်းထားရှိပြီးဖြစ်သည်။ ဝက်လက် – အင်ကြင်းပင် – ရှိမ္ဗကားလမ်း ကျန်ရှိလမ်းပိုင်းအား ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အဖွဲ့ အငယ်တန်း အင်ဂျင်နီယာ ဒေါ်ဇင်ဇင်သက်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ဇူလိုင် ၂၄ ရက်က ရွှေတောင်မြို့ ရွှေမျက်မှန် ဘုရားကြီးရှေ့ရှိ ချုံနွယ်ပေါင်းမြက်များအား အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(၁၄၃)

အခြေခံပညာ အလယ်တန်းကျောင်းဖွင့် အလှူငွေကျပ်သိန်း ၄၀ စုပေါင်း လှူဒါန်း

နွားထိုးကြီး ဩဂုတ် ၆

နွားထိုးကြီးမြို့နယ် မင်းရွာတွင် အခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲ၊ ကျောင်းဆောင်သစ်များ ပေးအပ်ပွဲနှင့် အလှူငွေကျပ်သိန်း ၄၀ ပေးအပ်ပွဲများကို ဇူလိုင် ၂၉ ရက် နံနက်က မင်းရွာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပညာရေးရည်မှန်းချက်၊ ပညာရေးမြှင့်တင်ရေးမော်ကွန်း ကျောက်စာတိုင်များကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြို့နယ်ပညာရေးမှူး ဒေါ်သန်းရီတို့က ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မင်းရွာအလယ်တန်း ကျောင်းဖွင့်ပွဲ မုခ်ဦးကို ကျောင်းအလှူရှင် ဦးခင်မောင်ကျော်မိသားစုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပညာတံခွန်(၁)၊ (၂) ကျပ်သိန်း ၁၀၀ ကုန် ကျောင်းဆောင်များကို မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က ဖွင့်လှစ်ပေးကြသည်။

မင်းရွာအလယ်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားတွင် အလှူရှင်မိသားစုတို့က အလှူငွေ ကျပ်သိန်း ၄၀ကို စုပေါင်းလှူဒါန်းကြကြောင်းသိရသည်။ နွားထိုးကြီးမြို့နယ်တွင် မင်းရွာအလယ်တန်းကျောင်းအပါအဝင် အလယ်တန်းကျောင်း ခြောက်ကျောင်းရှိ သွားပြီဖြစ်သည်။ (၉၅)

နောင်မွန်းမြို့နယ်တွင် သစ်ပင်များစိုက်ပျိုး

နောင်မွန်း ဩဂုတ် ၅

ကချင်ပြည်နယ် နောင်မွန်းမြို့နယ် မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဇူလိုင် ၂၁ ရက်က အငယ်တန်း အင်ဂျင်နီယာ-၃ ဦးမျိုးဇော်အောင်နှင့် စည်ပင်သာယာရေး ဝန်ထမ်းများ လမ်းဘေးဝဲယာ တစ်လျှောက် ဒေသထွက် ရာသီပန်းများ စုပေါင်းစိုက်ပျိုးကြကြောင်းသိရသည်။

(ပြည်နယ်စည်ပင်)

ဇူလိုင် ၂၅ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့် အင်ဂျင်နီယာမှူး ဦးစိုးနိုင်တို့အား လဲချားမြို့နယ်စည်ပင်အဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဖြိုးနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးညွန့်ဝင်းတို့က လဲချားမြို့ သီရိဟံသာခန်းမပြုပြင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

စုပေါင်းဆောင်ရွက်

တနင်္သာရီတိုင်း ကျွန်းစုမြို့သာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်းဘေး ဝဲ-ယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဇူလိုင် ၂၃ ရက်က မြို့နယ်စည်ပင်သာယာလှပရေးအဖွဲ့ ဝန်ထမ်းများစုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ပန်းအလှပင်နှင့်အရိပ်ရပင်များစိုက်ပျိုး

ဟိုပင် ဩဂုတ် ၆

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာရေးအတွက် ဇူလိုင် ၃၁ ရက်က မြသီတာရပ်ကွက် ပြည်ထောင်စုလမ်းမ ဘေးဝဲယာတွင် ပန်းအလှပင်နှင့် အရိပ်ရပင် ၂၀၀၀ ကျော်ကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ တာဝန်ခံအင်ဂျင်နီယာဦးအင်ခွန်အောင်၊ စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်နှင့် တာဝန်ရှိသူများက ပါဝင်ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ စာအုပ်လှူဒါန်းပွဲကို မြို့နယ် ပြန်/ဆက်ဦးစီးဌာနတွင် ကျင်းပရာ အလှူရှင် မိုးကောင်းကင် စာပေတိုက် ပိုင်ရှင် ဦးစိုးအောင်-ဒေါ်တင်နှစ်တို့မှ လှူဒါန်းသော စာအုပ်များကို ဒုတိယ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးသန်းထွန်းက အံ့ကြီးအရှေ့ ကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက် ဥက္ကဋ္ဌ ဦးအောင်သန်းထံ လွှဲပြောင်းပေးအပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန၊
မြန်မာ့စက်ပစ္စည်းနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ
ဂျပန်နိုင်ငံ Matsushita Electric နည်းပညာအရ ထုတ်လုပ်သော
ထရန်စဖော်မာများ
11000 Volts/ 400 Volts
6600 Volts/ 400 Volts
500KVA, 300KVA, 160KVA, 100KVA, 50KVA
E-mail Address : mfwmin @ myanmar.com.mm





ရွှေထည်ရှင်
တိတ်စိန်ရွှေဆိုင်

အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ပစ္စည်းနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ
လျှပ်စစ်သံဂဟေချောင်း
No. 6, 8, 10, 12 (5 mm∅, 4 mm∅, 3.25 mm∅, 2.5 mm∅)
E-mail Address: mfwmin@ myanmar.com.mm

အသိပေးကြေညာခြင်း

နာယကကြီး ဦးသုခ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဥက္ကဋ္ဌ ဦးအေးသန့်၊ ဒု-ဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်၍ အမှုဆောင်(၂၆)ဦးဖြင့် ရန်ကုန်မြို့ **နာရေးကူညီမှုအသင်း(ရန်ကုန်)**ကို ဖွဲ့စည်းတည်ထောင်ပြီး မှတ်ပုံတင်အမှတ်(၁၈၇၉)ဖြင့် တရားဝင်မှတ်ပုံတင်ရရှိပြီးသော အသင်းအဖွဲ့ဖြစ်ပါသည်။ ယခုလက်ရှိ အသင်း၏တည်နေရာမှာ ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း(၅၇၈၁၈၄၊ ၅၆၀၃၃၃)နှင့် လုပ်ငန်းအဆင်ပြေချောမွေ့စေရန် ရုံးခွဲတစ်ခုအနေဖြင့် ရေဝေးသုသာန် ဖုန်း(၇၀၉၂၇၇၊ ၆၃၉၄၉၀)တွင် တည်ရှိပါသည်။ နာရေးကိစ္စဖြစ်ပေါ်၍ အကူအညီ တောင်းခံလာပါက လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး **"အခမဲ့"**ကူညီပေးလျက်ရှိပါသည်။ (မည်သည့်ခေါင်းစဉ်ဖြင့် မည်သူ့ကိုမျှ ငွေကြေးတစ်စုံတစ်ရာ ပေးရန်မလိုပါ)။ ထို့ပြင် နာရေးကူညီမှုအသင်း (ရန်ကုန်)အနေဖြင့် မည်သည့်မြို့နယ်၊ မည်သည့်ရပ်ကွက်တို့မှ မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ အသံချဲ့စက်ဖြင့်လည်းကောင်း၊ အလှူငွေလှည့်လည်ကောက်ခံခြင်းမရှိပါ။ အလှူရှင်တစ်ဦးချင်းအနေဖြင့် မိမိတို့ထံလာရောက်၍ အလှူငွေလက်ခံစေလိုကြောင်း ဆက်သွယ်အကြောင်းကြားလာမှသာလျှင် အလှူရှင်ထံသို့ တိုက်ရိုက်အလှူခံပေးပါကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

